ဂါရဝေါ စ ဇတံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကို လည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များအောင်မြင်ရေး နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုအောက်တွင် ကျရာကဏ္ဍကထမ်းဆောင်မည်

မူဝါဒလမ်းစဉ်(၇)ရပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ ထောက်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး

စာမျက်နှာ ၉ ကော်လံ ၁ ✡

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မန္တလေးတိုင်း မြင်းခြံမြို့၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ပြီးစီးသွားသည့် အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် အဆိုပါ သိပ္ပံ၏ ပင်မဆောင်၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်ခဲ့သည့် မြင်းခြံမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင်ကို ဖေဖော်ဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

တာဝန်သိသိပူးပေါင်းဆောင်ရွက်မှုကြောင့် အောင်မြင်မှုရရှိ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ဆက်လက်ထိန်းသိမ်းမြှင့်တင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

တပ်မတော်အစိုးရအနေဖြင့် တိုင်းပြည်၏ တာဝန်များကိုရယူပြီးနောက် ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းတာဝန်များ အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ၌ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့များ၏ တက်တက်ကြွကြွ တာဝန်သိသိ ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်မှုတို့ကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှု အသီးအပွင့်များ ထင်ထင်ရှားရှား ရရှိလာခဲ့သည်။

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခိုင်မာလာပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု အင်အားကိုလည်း တည်ဆောက်နိုင်ခဲ့သည်။

စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လုပ်ငန်းကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိသကဲ့သို့ နယ်မြေဒေသ အလိုက်လည်း သိသာစွာ ဖွံ့ဖြိုးတိုးတက် လာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊ တိုင်း ၁၄ခုဖြင့် တည်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာရေး၊ တည်ဆောက်အကောင်အထည်ဖော်ထားပြီးဖြစ်သည့် နိုင်ငံတော်၏ တိုးတက်မှုရလဒ်ကောင်းများကို အနာဂတ်ကာလအထိ ထိန်းသိမ်းသယ်ဆောင်နိုင်ရေးစသည့် ရည်မှန်းချက်များဖြင့် ပြည်ထောင်စုကြီး တစ်ရပ်လုံး ကွက်လပ်မကျန် ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ခု ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ခေတ်ပြောင်း၊စနစ်ပြောင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဆောင်ရွက်ရသည့် လုပ်ငန်းကိစ္စများ များပြားသည့်အပြင် လုပ်ငန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကောင်အထည်ဖော်ရခြင်းဖြစ်၍ အဆင့်အလိုက် ညီညီညွတ်ညွတ် အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်၍သာ အောင်မြင်မှု ရရှိနေခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၈ ရက် ညနေပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်နှင့် မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌–

“ရပ်ကွက်၊ကျေးရွာအဆင့်၊ မြို့နယ်အဆင့်တို့သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေရသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်၍ ပြောမှား၊ ဆိုမှား၊ လုပ်ကိုင်ပုံမှားသွားပါက နိုင်ငံတော်အဆင့်အထိ ရောင်ပြန်ဟပ်နိုင်ကြောင်း၊ အထူးသဖြင့် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်၊ ကျေးရွာအဆင့်သည် ပြည်သူများနှင့်အတူ အနီးစပ်ဆုံး ဆက်ဆံနေရရာ ပြည်သူအပေါ် ဖိစီးမှု၊ မလေးမစားပြုမှုများ မပြုလုပ်မိစေရန် အထူးသတိထားရမှာ ဖြစ်ကြောင်း၊ မိမိတို့သည် ပြည်သူထဲမှ ပြည်သူများပင်ဖြစ်ရာ ပြည်သူနှင့်နီးပါလျက် ဝေးနေသည့်အဖြစ်မျိုး၊ ပြည်သူက မိမိတို့အပေါ် အမြင်မကြည်လင်သည့်အဖြစ်မျိုး မပြုမိစေရန် သတိထားရန်လိုကြောင်း”

မှာကြားသည်။

ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသည် နိုင်ငံတော်က ခန့်အပ်တာဝန်ပေးထားသော ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည်။

တစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်၊ တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်ခရိုင်နှင့် တစ်ခရိုင် ကောင်းမွန်သည့် အတွေ့အကြုံများကို ရယူတတ်ရမည်ဖြစ်သည်။ အချောင်ခိုလိုစိတ်၊ မေ့မေ့လျော့လျော့ သက်သာသလိုနေလိုစိတ်၊ အခွင့်အရေး မျှော်ကိုးသည့်စိတ်တို့ကို ထိန်းချုပ်ဖယ်ရှားရန် လိုပေသည်။

သို့မှသာ ရပ်ကျိုး၊ ရွာကျိုးကို စေတနာဖြင့် ထမ်းဆောင်နေသော မိမိတို့ စေတနာ့ဝန်ထမ်းဘဝ၏ မွန်မြတ်သော ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ကြမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တာဝန်သိသိ ပူးပေါင်းဆောင်ရွက်မှုကြောင့် အချိန်တိုကာလအတွင်း အောင်မြင်မှုရရှိလာခဲ့သည့် အလျောက် ရရှိပြီးသော ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ဖေဖော်ဝါရီ ၁၂ရက်က အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပရာအနောက်ပိုင်းခရိုင်အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်နွယ်ဦးနှင့်မြို့နယ်အတွင်းရေးမှူးဦးဋ္ဌေးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အလိုတော်ပြည့်ဆရာတော်ကြီးအား ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)ဂုဏာဝိသိဋ္ဌပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရသေ့တောင်မြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့ အလှူခံရရှိတော်မူသော အလိုတော်ပြည့်ကျောင်းတိုက် ပဓာနနာယက အလိုတော်ပြည့်ဆရာတော်အားပူဇော်ပွဲနှင့် မြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်း အောင်မြေဗောဓိမဏ္ဍိုင်ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခြင်း၊ မြို့နယ်မှ အကြီးတန်းနှင့်အထက်အောင် ရဟန်းသာမဏေများ၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ၊ ဂုဏ်ထူးရသူများ၊ မြို့နယ်အတွင်းမှ အသက်မွေးဝမ်းကျောင်းပညာ တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နေကြသူများအား ဂုဏ်ပြုခြင်းနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးများအား ပူဇော်ပွဲများ ပြုလုပ်မည်ဖြစ်၍ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းကုသိုလ်ပြုလိုသူများသည် ဒေါက်တာထွန်းဝေ ဖုန်း– ၀၁–၅၇၀၁၆၅ နှင့် ဦးစံလှမောင် ဖုန်း– ၀၁–၅၄၁၅၃၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒါနဥပပါရမီ သွေးလှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၆၉)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် သွေးလှူရှင်များ စာရင်းပေးသွင်းနိုင်၍ သွေးလှူရှင် နံပါတ်များ လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

(က–ပ)

ကမ္ဘာ့ စာအုပ်ပွဲတော်လေ့လာရန် မြန်မာစာရေးဆရာအဖွဲ့ အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အိန္ဒိယနိုင်ငံ Books, Publications & Printing Panelမှ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ Pragati Maidan ၌ ဖေဖော်ဝါရီ ၁၄ရက်မှ ၂၂ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့စာအုပ်ပွဲတော်သို့ တက်ရောက်လေ့လာရန် မြန်မာနိုင်ငံမှ စာရေးဆရာအဖွဲ့သည် ဖေဖော်ဝါရီ၁၃ရက် နံနက်ပိုင်းက ထိုင်းလေကြောင်းဖြင့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ထွက်ခွာသွားကြသည်။

ယင်းစာရေးဆရာအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးအရာရှိ ဦးမျိုးသန့်(မောင်ဆုရှင်)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)၊ ဒေါက်တာတင်ထွန်းဦး (စာတည်းမှူးချုပ်၊ သုတစွယ်စုံစာအုပ်တိုက်)နှင့် ပြည့်စုံစာအုပ်တိုက်မှ ဦးမျိုးအောင်(မျိုးအောင်၊ ရက္ခဗေဒ)တို့ လိုက်ပါသွားကြောင်းသိရသည်။

(အပေါ်ပုံ) (က–ပ)

ဟင်္သာတအသင်းနှစ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဟင်္သာတအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် အသင်းတိုက်၌ကျင်းပမည် ဖြစ်သည်။ အသင်းသူအသင်းသားများ၊ ဟင်္သာတသူ ဟင်္သာတသားများ တက်ရောက်ကြရန်နှင့် အသက် (၈၀) နှင့်အထက် အသင်းသူ ၊အသင်းသားများ၊ ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများသည် သက်ဆိုင်ရာ အထောက်အထားများဖြင့် ဦးမျိုးဆွေ ဖုန်း–၅၈၄၇၃၄၊ ဦးတင်ရှိန် ဖုန်း–၂၂၀၇၈၄၊ ဦးသန်းဦး ဖုန်း–၂၉၄၄၉၈၊ ၂၅၃၁၁၀တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)



● မြန်မာနိုင်ငံပညာရေးမှ

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွား အကအဖွဲ့၊ ကဗျာလွတ် အကအဖွဲ့၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အစီအစဉ်အရ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ပင်မဆောင်

ကံ့ကော်ပင်စိုက်ပျိုး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရ စက်မှုလက်မှု သိပ္ပံ (မြင်းခြံ) ပင်မဆောင် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပင်မဆောင်ပရဝဏ်အတွင်း ကံ့ကော်ပင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ)ပင်မဆောင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖွင့်ပွဲကို အဆိုပါ ပင်မဆောင်ရှေ့၌ ကျင်းပရာ အစိုးရ စက်မှုလက်မှုသိပ္ပံ (မြင်းခြံ) မှ ပထမနှစ် စက်မှုစွမ်းအားအထူးပြုကျောင်းသား မောင်ဇော်မျိုးဦးနှင့် ပထမနှစ် မြို့ပြ အထူးပြုကျောင်းသူ မဖြူမော်မော်တို့က ဖဲကြိုးဖြတ်၍ ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရစက်မှုလက်မှု သိပ္ပံ (မြင်းခြံ) ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင်ပရဝဏ်အတွင်း၌ ကံ့ကော်၊ ခရေနှင့် ပိတောက်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပင်မဆောင် ကမ္ပည်းမော်ကွန်း ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ပင်မဆောင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရ စက်မှုလက်မှုသိပ္ပံ(မြင်းခြံ) ၏ Computer ခန်းမနှင့် e-Library တို့ကိုကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

✻ ပြည်ထောင်စုနေ့မှ

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများသည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့်အတူ ညစာသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ အနုပညာရှင်များက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ဂုဏ်ပြုညစာစားပွဲတည်ခင်းဧည့်ခံ

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)



စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင်ရှေ့တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် မြင်းခြံမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (မြင်းခြံ) ပင်မဆောင်ကို ဖေဖော်ဝါရီ ၁၁ ရက်က ကျောင်းသူ ကျောင်းသားများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

16-2 (4).p65 1 3/25/05, 10:25 PM

အမေရိကန်ဆန့်ကျင်

ဖေဖော်ဝါရီ ၁၄ ရက်က ဘဂ္ဂဒက်မြို့အနောက်ဘက် အဘူဂျာဟက် အရပ်တွင် အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူများ သေဆုံးမှု တစ်နေ့ထက်တစ်နေ့တိုးလာသော်လည်း အမေရိကန်တို့ နှုတ်ဆိတ်နေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

အမေရိကန်စစ်တပ်သည် အီရတ်စစ်ပွဲ၌ သေဆုံးခဲ့သောတပ်ဖွဲ့ဝင် ၅၃၇ ဦးနှင့်ပတ်သက်၍ သေဆုံးတပ်ဖွဲ့ဝင်များ၏ အမည်များနှင့် မည်သို့သေဆုံးသည်၊ မည်သည့်အချိန်က သေဆုံးသည်ဆိုခြင်းကို သိရှိသော်လည်း အီရတ်ပြည်သူများ သေဆုံးမှုနှင့်ပတ်သက်၍မူ ပြောဆိုခြင်းမရှိဘဲ နှုတ်ဆိတ်နေခဲ့ဟု ဆိုသည်။

လွတ်လပ်သော အကြံပေးအဖွဲ့ကမူ အီရတ်၌ အမေရိကန် ဦးဆောင်သော ကြားဝင်စွက်ဖက်မှု၏ တိုက်ရိုက်အကျိုးရလဒ်အဖြစ် အီရတ်အရပ်သား ၁၀၀၀၀ မျှ သေဆုံးဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

ပြောဆို

ထိခိုက်သေဆုံးသော အီရတ်အရပ်သားများ အားလုံးကို ခြေရာကောက်နိုင်စွမ်း မိမိတို့၌မရှိကြောင်း အမေရိကန် စစ်တပ် ဗိုလ်မှူးချုပ် မာ့ခ်ကင်မ်မစ်က ပြောဆိုသည်။ သေဆုံးသူ အရေအတွက်အချို့ကို ရရှိသော်လည်း သိပ်အားမထားနိုင်ဟု ဆိုသည်။

အီရတ်သေဆုံးမှု စာရင်းကောက်အုပ်စုက လူထုဆက်သွယ်ရေးများက ဖော်ပြသော သတင်းများအပေါ် အခြေခံပြီး တွက်ချက်ရာ၌ စစ်ပွဲကြောင့် အီရတ် အရပ်သား ၁၀၀၈၉ ဦးမျှထိ သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဖေဖော်ဝါရီ ၁၄ရက်က ဖော်လူဂျာမြို့တွင် ရဲစခန်းတစ်ခုနှင့် ရုံးအဆောက်အအုံတစ်ခု တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူများ ဘေးဒုက္ခမျိုးစုံကြုံတွေ့နေရ အီရတ်ဆေးရုံများ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

ဘဂ္ဂဒက်မြို့ရှိ ဗဟိုသင်ကြားရေး ကလေးဆေးရုံတွင် ကြမ်းပြင်များပေါ်၌ မိလ္လာအညစ်အကြေးများ အနံ့ဖြစ်ပြီး သောက်သုံးရေမှာလည်း ညစ်ညမ်းသည်။ ဆရာဝန်များအဆိုအရ ဆေးရုံသို့ ကူးစက်ရောဂါမရှိဘဲ ရောက်လာသော ဝေဒနာရှင်သည် ကူးစက်ရောဂါဖြင့် ဆေးရုံမှထွက်သွားရသည်ဟု သိရသည်။

ဆရာဝန်များက မိမိတို့အရေးပေါ်ခန်း၌ ခြေကုန်လက်ပန်းဖြစ်ကြရကြောင်း ပြောဆိုကြသည်။ သွေး မလုံလောက်ဘဲရှိရာ ဆရာဝန်များသည် သူတို့ရှေ့၌ လဲနေသော လူနာများကို မကြာခဏ သွေးလှူကြရသည်။

မလုံလောက်

ကြီးမားသည်ဆိုသော စာလုံးသည် မိမိတို့ကြုံနေရသော ကပ်ဘေးဆိုးကြီးအတွက် မလုံလောက်ပါဟူ၍ ဆေးရုံ၏ လက်ထောက် မန်နေဂျာက ပြောပြသည်။ ၁၉၉၀ ပြည့်နှစ်၌ ကူဝိတ်ကို အီရတ် ကျူးကျော်မှုကြောင့် နိုင်ငံတကာဆိုင်ရာ ဝိုင်းပယ်မှုနှင့် ပိတ်ပင် အရေးယူမှုတို့ကြောင့် အီရတ်နိုင်ငံ၏ ကျန်းမာရေးစနစ်မှာ ပျက်ပြားခဲ့ရပြီးဖြစ်သည်။ အရေးကြီးသော စက်ပစ္စည်းများ ရပ်ဆိုင်းသွားပြီး ဆေးဝါးများ ဖြန့်ဖြူး ထောက်ပံ့မှုသည်လည်း မလုံလောက် ဖြစ်ခဲ့ရသည်။

ဒုက္ခရောက်နေဆဲ

၁၉၉၆ ခုနှစ်၌ ကုလသမဂ္ဂ၏ အစားအစာ အရေအတွက် ရေနံအစီအစဉ် စတင်သောအခါ အခြေအနေမှာ အနည်းငယ် သက်သာခဲ့သော်လည်း တိုင်းပြည်တွင် ဒုက္ခခံနေရဆဲဖြစ်ရာ အထူးသဖြင့် ကလေးငယ်များ ဒုက္ခရောက်နေရဆဲ ဖြစ်သည်။

ပျက်စီး

အီရတ်ဆရာဝန်များက စစ်ပွဲက မိမိတို့အား ဘေးဒုက္ခဆီသို့ ရောက်အောင် တွန်းပို့ပေးခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ တိုက်ပွဲနှင့် ဖျက်ဆီးမှုများကြောင့် အရေးကြီးသော အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ရပြီး ဆက်ဒမ်ဟူစိန်ပြုတ်ကျမှုက လူမှုရေးစနစ်ပျက်ပြားအောင် တွန်းထိုးချသကဲ့သို့ ဖြစ်စေခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၄

ကုလသမဂ္ဂအဖွဲ့က အီရတ်နိုင်ငံ၏ အခြေအနေများကို ဆက်လက်အကဲဖြတ်နေချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲပြီး သေဆုံးသွားသည်။

ပေါက်ကွဲ

သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ အမှတ်(၁၆)စစ်ရဲတပ်မဟာမှ ဖြစ်ပြီး ဘဂ္ဂဒက်၏ အဘူဂျာဟက်အရပ်၌ ကြာသပတေးနေ့ညတွင် ကင်းလှည့်စဉ် ဗုံးပေါက်ကွဲပြီး သေဆုံးရခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အခြားနှစ်ဦးလည်း ဒဏ်ရာရခဲ့သည်။

တိုက်ခိုက်

ယခုသေဆုံးသောတပ်ဖွဲ့ဝင်မှာ ပြီးခဲ့သည့်နှစ် မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီးနောက်ပိုင်း ၂၅၈ ဦး ဖြစ်သည်။

ထိုကြာသပတေးနေ့အစောပိုင်း၌ပင် ယာဉ်တန်းဖြင့် သွားသော ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိဒ်သည် ဖော်လူဂျာ၌ တိုက်ခိုက်ခြင်းခံခဲ့ရသည်။

(အင်တာနက်)

အီရတ်၌လက်နက်များဝှက်ထားသည်ဆိုသော သတင်းမှားယွင်းကြောင်း သမ္မတဘုရှ်ဝန်ခံရန် လက်နက်စစ်ဆေးရေးမှူးဟောင်း အကြံပြုပြောဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အီရတ်တွင် ဝှက်ထားသည်ဆိုသော လက်နက်သိုလှောင်ရုံများနှင့်စပ်လျဉ်း၍ မှားယွင်းကြောင်းဝန်ခံရန် သမ္မတဘုရှ်အား ယခင်အမေရိကန်လက်နက်စစ်ဆေးသူ ဒေးဗစ်ကေးက အကြံပြုထားကြောင်း အေပီသတင်းဌာနက ဒေးဗစ်ကေးနှင့် တွေ့ဆုံရာတွင် ဒေးဗစ်ကေးက ပြောကြားလိုက်သည်။

အရေးကြီးသော အထောက်အထားများက ဆက်ဒမ်ဟူစိန်၌ စစ်ပွဲအစတွင် ဝှက်ထားသည့် ဓာတုဇီဝနှင့် နျူကလီးယားလက်နက်မရှိကြောင်းကို ဖော်ပြသည်ဟု ကေးက ပြောဆိုသည်။

တွေ့ဆုံ

ဘုရှ်အနေဖြင့် အမှားကိုဝန်ခံခြင်းသည် ပိုကောင်းကြောင်းနှင့် ထိုအမှားသည် သင်ခန်းစာယူပြီး ရှေ့ဆက်သွားရမည်ဖြစ်ကြောင်း အေပီ အယ်ဒီတာများ၊ သတင်းထောက်များနှင့် ကြာသပတေးနေ့တွင် မိနစ် ၉၀ကြာ တွေ့ဆုံရာတွင် ကေးကပြောကြားသည်။

ပြောဆို

အမှားကို ဘုရှ်ဝန်မခံမည်ကို မိမိစိုးရိမ်ကြောင်း၊ အဘယ်ကြောင့် အမှားကို ဘုရှ်ဝန်မခံသည်ကို အားလုံးက သိထားကြောင်း၊ ဘုရှ်၏ နိုင်ငံရေး အတိုက်အခံများက ထိုအချက်ကို အမိအရ အသုံးချမည်ဖြစ်ကြောင်း၊ သတင်းစာများကလည်း အသုံးချမည် ဖြစ်ကြောင်း၊ မည်သူကမျှ ဘုရှ်အား အမှတ်ပေးမည် မဟုတ်ကြောင်း ကေးကပြောဆိုသည်။

ကေးသည် လွန်ခဲ့သည့်လ၌ ရာထူးမှနုတ်ထွက်ခဲ့ချိန်မှစပြီး ဆက်ဒမ်ဟူစိန်၌ သိုလှောင်ထားသော ဓာတုဇီဝလက်နက်များအပြင် ခေတ်မီ နျူကလီးယား လက်နက်အစီအစဉ်များရှိသည်ဆိုသော အမေရိကန်ထောက်လှမ်းရေး သတင်းများကြောင်းကို ထပ်ကာတလဲ ပြောခဲ့သည်။ **(အင်တာနက်)**

တရုတ် ရင်ချင်းဆက် အမြွှာညီအစ်မ ခွဲစိတ်ပြီ

ဘေဂျင်း ဖေဖော်ဝါရီ ၁၄

တရုတ်နိုင်ငံမှ တစ်လသားအရွယ် ရင်ချင်းဆက် အမြွှာညီအစ်မနှစ်ဦးအား ယနေ့ နံနက်ပိုင်းမှစတင်ပြီး နိုင်ငံမြောက်ပိုင်း ဟာဘေပြည်နယ်ရှိ ဆေးရုံ၌ခွဲစိတ်မှုများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါကလေးငယ်နှစ်ဦးသည် ရင်ဘတ်မှ ဝမ်းဗိုက်အထိ ဆက်စပ်နေပြီး နာရီပေါင်းအတော်ကြာအောင် ခွဲစိတ်ကုသမှု ခံယူကြရဖွယ်ရှိသည်။

သာမန်တောင်သူလယ်သမား မိသားစုမှ မွေးဖွားလာသည့် ထိုအမြွှာ ညီအစ်မနှစ်ဦးသည် မျက်နှာချင်းဆိုင် အနေအထားဖြင့် တစ်ဖက်တည်းကိုသာ တစ်ချိန်လုံး လဲလျောင်းနေကြရသည်။ ကနဦး စစ်ဆေးချက်များအရ ကလေးငယ်နှစ်ဦးသည် အသည်းချင်း ဆက်စပ်နေကြပြီး အဆိုပါဆက်စပ်နေသည့် အသည်းများကို ခွဲစိတ်ဖယ်ရှားရေးသည် ခွဲစိတ်မှုလုပ်ငန်း တစ်ခုလုံးအောင်မြင်ရန်အတွက် အရေးအကြီးဆုံး ဖြစ်ဖွယ်ရှိသည်။

ကလေးငယ်နှစ်ဦး၏ အသည်းမှာ တစ်ခုတည်း သို့မဟုတ် အသည်းနှစ်ခု ဆက်နေဆိုသည်ကို မကွဲပြားသေးကြောင်းလည်း ခွဲစိတ်ပါရဂူများက ပြောကြားသည်။ ရင်ချင်းဆက် အမြွှာနှစ်ဦး အနက် တစ်ဦးမှာ နှလုံးအားနည်း ချို့ယွင်းသည့် အနေအထားရှိနေခြင်းကြောင့် အဆိုပါအခြေအနေသည် အဆုတ်နှင့် အခြားသော ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများကိုပါ ရှုတ်ထွေးမှုဖြစ်အောင် ဦးတည်နိုင်ကြောင်း ပြောကြားသည်။ ခွဲစိတ်မှုအောင်မြင်ပြီး အသက်ရှင်နေလျှင် အမြွှာညီအစ်မနှစ်ဦးသည် ဆေးကုသရေးအဖွဲ့က မကြာခဏ အနီးကပ် စောင့်ရှောက်ပေးမှု ခံယူနေရမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ **(စီစီတီဗွီ)**

အီရတ်နိုင်ငံတည်ငြိမ်ရေးမျှော်လင့်ချက်အလှမ်းဝေးနေဆဲ

အီရတ်ပြည်သူများအပေါ် အမေရိကန်တို့၏ မတရားမှုများ ဓာတ်ပုံသတင်းထောက်များက ရိုက်ကူးဖော်ညွှန်းပြသခဲ့

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရ

ဖေဖော်ဝါရီ ၁၁ ရက်က ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရခဲ့သည့် အီရတ်အမျိုးသားတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်တို့၏ ဘဝကို ပြင်သစ်ဓာတ်ပုံသတင်းထောက် ဂျင်း-မက်စ်ဘော်ကျူးက '၂၀၀၃ခုနှစ် မတ်လ ၃၁ ရက်က နာဂျက်ဖ်မြို့ စစ်အကျဉ်းစခန်း၌ အီရတ်အကျဉ်းသားတစ်ဦးက သူ၏ လေးနှစ်သားအရွယ်ကလေးကို တွေ့ခွင့်ရသော်လည်း ခေါင်းစွပ် စွပ်ထား၍ ကြည့်ခွင့် မရသည့် အဖြစ်ဆိုးနှင့် ရင်ဆိုင်ရသည်ကို' ဤသို့ဝမ်းနည်းဖွယ် မှတ်တမ်းတင်ခဲ့သည်။ **(အဆိုပါဓာတ်ပုံသည် ၂၀၀၃ခုနှစ်၏ ကမ္ဘာ့သတင်းဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သည်။)** (ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်းငိုကြွေး

အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်မှုအောက်မှ အီရတ်တို့၏ ဘဝကို လော့စ်အိန်ဂျလိစ်တိုင်းမ်မှ ဓာတ်ပုံသတင်းထောက် ကာရိုလင်ကိုးက '၂၀၀၃ခုနှစ် အီရတ်စစ်ပွဲ အတွင်း ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသော ဖခင်အတွက် ဇနီးနှင့်သားသမီးများက ဝမ်းနည်းပူဆွေး ငိုကြွေးနေကြသည်ကို' ဤသို့ ဝမ်းနည်းဖွယ် မှတ်တမ်းတင် ရိုက်ကူးခဲ့သည်။ **(အဆိုပါ ဓာတ်ပုံသည် ၂၀၀၃ခုနှစ်၏ ကမ္ဘာ့သတင်း ဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည်။)** (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း အီရတ်မြင်ကွင်း

အပြန်အလှန် ပစ်ခတ်ရာတွင် ဒဏ်ရာ ရရှိသူ အီရတ်တစ်ဦးကို ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့ရှိ ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယာပုံမှာဖေဖော်ဝါရီ ၁၄ရက်က ဘဂ္ဂဒက်မြို့ အဘူဂျာဟက်အကျဉ်းစခန်းရှေ့၌ အီရတ်ပြည်သူများက အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်ကာ ဖမ်းဆီးထားသော အီရတ်များကို ပြန်လွှတ်ပေးရန် တောင်းဆိုနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

စာသင်ခန်းများ

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင်ရှိ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာပေဆု ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရ စာရင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက နှစ်စဉ် ချီးမြှင့်နေကျဖြစ်သည့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုအတွက် သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာခဲ့ရာ ၂၀၀၃ ခုနှစ်အတွက် ပညာသင်ဆုကို ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ မနော်သူးလေဖောဝေ(ပထမနှစ်၊ ဂီတအထူးပြု)နှင့် ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ မသက်မာစိုး(ပထမနှစ်၊ သဘင်အထူးပြု)တို့ ရရှိသည်။

အဆိုပါဆုရသူများအား ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပမည့် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် တစ်ပေါင်းတည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆုပေးပွဲ ပခုက္ကူ၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၃ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ပညာရည်ချွန်ဆု၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရသူများနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆုရသူများ၏ အမည်စာရင်းများကို သက်ဆိုင်ရာများမှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် စာပေဗိမာန် အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၂၅၂၅၆၀၊ ၂၄၀၀၄၈ တို့သို့ အမြန်ဆက်သွယ်ရန် နှိုးဆော်ထားသည်။

ဆုရသူများသည် မိမိအစီအစဉ်ဖြင့် ပခုက္ကူမြို့သို့ သွားရောက်လိုပါက ဖေဖော်ဝါရီ ၂၀ ရက်ညနေ နောက်ဆုံးထား၍ ပခုက္ကူမြို့သို့ရောက်ရှိရန်နှင့် ရန်ကုန်မြို့မှလိုက်ပါမည့်သူများ သက်ဆိုင်ရာတို့သို့ ဖေဖော်ဝါရီ၁၈ ရက် နံနက် ၁၁ နာရီနောက်ဆုံးထားပြီး လူကိုယ်တိုင်သတင်းပို့ကြရမည်ဖြစ်သည်။

၂၀၀၄ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆု ဘာသာရပ်ငါးမျိုးဖြစ်သော ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဆုများအတွက် ပြိုင်ပွဲဝင်ရန် စာမူများကို စာပေဗိမာန်မှ လက်ခံလျက်ရှိရာ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၁၀ရက်က ၂၀၀၄ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ဖွင့်ပွဲအခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဖေဖော်ဝါရီ၁၀ ရက်က ကျင်းပသော ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရ စက်မှုလက်မှုသိပ္ပံ (မိုးညှင်း) ဖွင့်ပွဲအခမ်းအနားတွင် ပင်မဆောင်ကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဖေဖော်ဝါရီ ၁၄ရက်က မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှု ကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၄)သို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

▼ အိမ်ရာစီမံကိန်းမှ

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွဲ့စည်းစီမံဆောင်ရွက်

ရှေးဦးစွာ မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်နိုင်ရေးနှင့်လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးတို့ အပါအဝင် အများပြည်သူအကျိုးဖြစ်ထွန်းစေမည့် ရည်ရွယ်ချက်များဖြင့် မြို့တော်အိမ်ရာစီမံကိန်းများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်မြို့တော်ကြီးသည် ယခင်ခေတ် ကာလက မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်သော လူနေရပ်ကွက်များ၊ အိမ်ရာအဆောက်အအုံများ စနစ် တကျ တည်ဆောက်ထားမှုမရှိခြင်း၊သန့်ရှင်းသောသောက်သုံးရေရရှိမှုမလုံလောက်ခြင်း၊ သန့်ရှင်းရေးစနစ် မိလ္လာစနစ်များ စနစ်တကျ တည်ဆောက်ထားမှုအားနည်းခြင်းတို့ကြောင့် မြို့တော်နေ ပြည်သူများမှာလည်း ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ကောင်းတွင် နေထိုင်နိုင်ခြင်းမရှိခဲ့ကြောင်း။

စနစ်တကျအကောင်အထည်ဖော်

သို့ဖြစ်၍ မြို့ပြစီမံကိန်းများနှင့်အညီ အဆင့်အတန်းမီသည့် တိုက်တာအဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ မြို့ကွက်စနစ်ကျနပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီက အိမ်ရာစီမံကိန်းများကို ရန်ကုန်မြို့တော်ကြီး၌ အပိုင်းလိုက် စနစ်တကျစီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ် ကွပ်ကဲမှုကော်မတီအနေဖြင့် အိမ်ရာစီမံကိန်းများသာမက ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်သာယာလှပပြီး နေချင့်စဖွယ်မြို့တော်ကြီးအဖြစ် တင့်တယ်စွာ ဖြစ်ထွန်းလာစေရအောင် စီမံဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

စည်းကမ်းနှင့်အညီတည်ဆောက်

မြို့တော်ကြီးသာယာလှပရေးတွင် အိမ်ရာစီမံကိန်းများစနစ်တကျ အကွက်ချတည်ဆောက်ရေးမှာလည်းအရေးကြီးကြောင်း၊ရန်ကုန်မြို့တော်ကြီးသည်တည်ဆောက်ထားခဲ့သည်မှာ နှစ်ပေါင်းတစ်ရာကျော်ရှိပြီဖြစ်ရာ ဟောင်းနွမ်းပျက်စီးပြီး အများပြည်သူအတွက် အန္တရာယ်ဖြစ်စေမည့် အဆောက်အအုံများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြင်ဆင်မွမ်းမံတည်ဆောက်သွားရန် လိုအပ်ကြောင်း။

အဆင့်မြှင့်မွမ်းမံ

ယနေ့အချိန်အခါတွင် အရှေ့တောင်အာရှနှင့် အာရှဒေသအတွင်းရှိ မြို့တော်ကြီးများအားလုံးလိုလိုသည် စိမ်းလန်းသာယာလှပသည့် အပန်းဖြေဥယျာဉ်ကြီးများ၊ ပန်းခြံကြီးများဖြင့် လှပတင့်တယ်စွာဖြစ်ထွန်းနေကြပြီဖြစ်ရာ ရန်ကုန်မြို့တော်ကြီးကိုလည်း စိမ်းလန်းစိုပြည်သာယာတင့်တယ်သည့် ဥယျာဉ်မြို့တော်ကြီးအဖြစ် စနစ်တကျအဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိနေကြောင်း၊ ပြည်သူများသွားလာမှုလွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းစေရေး အပြင် အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးဝန်းကျင်ဒေသများကို ရန်ကုန်မြို့တော်နေပြည်သူများအတွက် အပန်းဖြေနားနေရာ အဆင့်မြင့်အပန်းဖြေဥယျာဉ်ကြီးအဖြစ်ပေါ်ထွန်းလာစေရန် စနစ်တကျ အဆင့်မြှင့်မွမ်းမံတည်ဆောက်ပေးလျက်ရှိကြောင်း။

အလားတူပင် အင်းလျားကန်ကြီးကိုလည်း အဆင့်မြှင့်ဆည်ဖို့မှု၊ သာယာလှပတင့်တယ်သည့် ကန်ပေါင်များတည်ဆောက်ပေးခဲ့မှုများကြောင့် ယခုဆိုလျှင် မြို့တော်နေပြည်သူများ နံနက်ခင်းအချိန်များ၌ပျော်ရွှင်ချမ်းမြေ့စွာ ကျန်းမာရေးလေ့ကျင့်နေသည့် မြင်ကွင်းများကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့်

မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီအနေဖြင့် မြို့တွင်းရှိ အဓိကလမ်းမကြီးများ၊ အချက်အချာကျသည့် လမ်းမကြီးများကို အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ပေးလျက်လည်းရှိကြောင်း၊ ပြည်သူများ သွားလာမှုလွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းရေးအပြင် အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စေရေးအတွက် ညီညာကျယ်ပြန့်သည့် လမ်းမကြီးများဖြစ်လာစေရန်၊ လမ်းဘေးဝန်းကျင်စိမ်းစိုသာယာ လှပစေရန် လမ်းများချဲ့ထွင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြင်စိုက်ခြင်း၊ အပိုင်းကြီးများ၊ လမ်းလယ်ကျွန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဆင့်မြင့်မားလာ

ဤကဲ့သို့ ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စွာ တိုးတက်ဖြစ်ထွန်းလာစေမည့်လုပ်ငန်းများကို စနစ်တကျနှင့် ဟန်ချက်ညီညီ စီမံချမှတ်ဆောင်ရွက်လျက်ရှိသဖြင့် ရန်ကုန်မြို့တော်ကြီးမှာလည်း တစ်နေ့တခြား သာယာလှပတင့်တယ်စိုပြည်ပြီး အဆင့်အတန်းတိုးတက်မြင့်မားလာနေသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် မြို့တော်အိမ်ရာစီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းရေး၊ စံချိန်စံညွှန်းကိုက်ညီရေး၊ သတ်မှတ်ကာလအတွင်း အကောင်အထည်ပေါ်ပြီးစီးစေရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်းလုပ်ငန်းရှင်များ စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မျှတစွာစီမံပေး

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီအနေဖြင့် မြို့တော်အတွင်း နေရာဒေသအလိုက် တင့်တယ်လိုက်ဖက်သည့် အဆင့်မြင့်အိမ်ရာအဆောက်အအုံများပေါ်ထွန်းလာစေရအောင် မြို့တော်ကြီးလည်း အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်ညီညွတ်စွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် တစ်ပြိုင်တည်းမှာပင် တိုင်းရင်းသား အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းရှင်များ သင့်တင့်မျှတသည့် အကျိုးဖြစ်ထွန်းစေပြီး မြို့တော်နေ ပြည်သူများလည်း လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရအောင် မြို့တော်အိမ်ရာစီမံကိန်းများကို မျှတစွာ စနစ်ကျစွာ စီမံချထားပေးလျက်ရှိနေကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ စေတနာနှင့်ရည်မှန်းချက်များ အောင်မြင် ပြည့်မြောက်စေရအောင်၊ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ၏ စီမံချမှတ်မှုများ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင်နှင့် မြို့တော်အိမ်ရာ စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းစေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်း လုပ်ငန်းရှင်များအားလုံးက တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဝင်များနှင့် တာဝန်ရှိသူများက မြေယာကိစ္စရပ်များ၊ အိမ်ရာကိစ္စရပ်များ၊ အိမ်ရာစီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ မီးရထားလမ်း ခုံးကျော်တံတားများ တည်ဆောက်ရေး အပါအဝင် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဒီဇိုင်း၊ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ အတွင်းရေးမှူးဦးသန်းမြင့်က အထပ်မြင့်အဆောက်အအုံများ တည်ဆောက်ရာတွင် ခိုင်ခံ့ရေး၊ ငလျင်ဒဏ်ခံနိုင်ရေးတို့အတွက် ပုံစံရေးဆွဲခြင်း၊ အဆောက်အအုံတည်ဆောက် ခြင်းလုပ်ငန်းများအလိုက် ဒီဇိုင်းပုံစံများနှင့် စစ်ဆေးအကြံပြုဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်က အဆင့်မြင့်အိမ်ရာ စီမံကိန်းများ၊ စက်မှုဇုန်များသို့ စည်ပင်ရေသွယ်ခြင်းလုပ်ငန်း၊ သာကေတနှင့်သုဝဏ္ဏဆက်သွယ်မည့် တံတားတည်ဆောက်မည့်အစီအမံ၊ ရန်ကုန်မြို့တော်၏ လမ်းများ အဆင့်မြှင့်တင်ရေးအတွက် မြို့တော်အဝင် အဓိကလမ်းမကြီးများအဆင့်မြှင့်မွမ်းမံခြင်း၊ ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့များရှိလမ်းများ အဆင့်မြှင့်မွမ်းမံခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ သန်လျင်ကျောက်တန်းဒေသလမ်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြို့တော်အိမ်ရာ စီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ တည်ဆောက်ပြီးစီးနေသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်များကို ဆက်သွယ်ပေးမည့် ဒဂုံရိပ်မွန်ခုံးကျော်တံတားကို သွားရောက်ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေပင်လုံအိမ်ရာ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကုန်တိုက်ကြီးများပါမည်

ရှေးဦးစွာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအံ့ကျော်က ရွှေကျားပျံဆောက်လုပ်ရေးနှင့် Tosta Construction Group တို့ပူးပေါင်း၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ရွှေပင်လုံအိမ်ရာစီမံကိန်းအကောင်အထည်ဖော်မှု၊ ရွှေပင်လုံအိမ်ရာစီမံကိန်းတွင် စာသင်ကျောင်း၊ သုံးထပ်ဈေး၊ ဘောလုံးကွင်းများပါသော Public Zone၊ ရုပ်ရှင်ရုံ၊ဈေးဆိုင်နှင့်လုပ်ငန်းရုံးများ၊ စီးပွားရေးလုပ်ငန်းနှင့် ကုန်တိုက်ကြီးများပါမည့် Commercial Zone နှင့် လူနေအိမ်ခန်းများ ပါမည့် Resident Zoneတည် ဆောက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေကျားပျံဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာဒေါက်တာဇော်ထွန်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)ရွှေပင်လုံအိမ်ရာစီမံကိန်း၏ တည်နေရာ၊ အကျယ်အဝန်း၊ ဈေး၊ ကျောင်း၊ ဆေးရုံ၊ အားကစားကွင်း၊ အားကစားရုံ၊ ကုန်တိုက်ကြီးများတည်ဆောက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရွှေပင်လုံအိမ်ရာအတွင်း ကွန်ကရစ်လမ်းများ တည်ဆောက်ထားခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

✡ ***နိုင်ငံတော်မှ***

ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြိုဆိုထောက်ခံပါကြောင်းနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် ပြည်သူတစ်ရပ်လုံးနှင့်အတူ ကျရာကဏ္ဍက တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ထို့နောက် တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများတွင် နိုင်ငံတော်က ကူညီပံ့ပိုးပေးရေးတို့ကို တင်ပြဆွေးနွေးကြသည်။

(သတင်းစဉ်)

ဆက်လက်၍ TMW Construction Groupမှ စီမံကိန်းဒါရိုက်တာ ဦးဗညားလွင်က ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဆောင်ရွက်နေသည့် မြယမုံစမ်းရိပ်မွန်အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရည်မှန်းချက်များအောင်မြင်ရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)မြို့တို့မှာ တဖြည်းဖြည်းဖွံ့ဖြိုး တိုးတက်လျက်ရှိကြောင်း၊ အခြေခံအဆောက်အအုံများလည်း ပြည့်စုံလာလျက်ရှိကြောင်း၊ ယခုအခါ ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့် (မြောက်ပိုင်း) ဆက်သွယ်ပေးသည့် ဒဂုံရိပ်မွန်ခုံးကျော်တံတားတည်ဆောက်ပြီးစီးနေပြီဖြစ်သည့်အတွက် ယာဉ်သွားလာမှု ပိုမိုချောမွေ့လာမှာဖြစ်ကြောင်း၊ ဒဂုံရိပ်မွန်ခုံးကျော်တံတားနှင့်ဆက်စပ်ပြီး ရွှေပင်လုံအိမ်ရာစီမံကိန်းကို တည်ဆောက်နေသဖြင့် ဒဂုံမြို့သစ်၏ စည်ပင်ဖွံ့ဖြိုးမှုကို အရှိန်အဟုန်ဖြင့်ဖြစ်ထွန်း စေမှာဖြစ်ကြောင်း၊ ထို့ပြင် ရွှေပင်လုံအိမ်ရာစီမံကိန်းတွင် ကျောင်း၊ ဆေးရုံ၊ ကုန်တိုက်၊ အားကစားရုံ၊ အားကစားကွင်း၊ လူနေအိမ်၊ စီးပွားရေးလုပ်ငန်းများစသည့် လိုအပ်ချက်များပါရှိမည်ဖြစ်ရာ ရန်ကုန်မြို့၏ ပင်မနေရာတစ်ခုအဖြစ်ပေါ်ထွန်းလာမှာ ဖြစ်ကြောင်း၊ လုပ်ငန်းရည်မှန်းချက်များအောင်မြင်ရေး၊ သတ်မှတ်စီမံကိန်းအတိုင်း ဆောင်ရွက်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တည်ဆောက်ဆဲ လုံးချင်းအိမ်ရာများ၊ တည်ဆောက်ပြီးနှစ်လုံးတွဲတိုက်ခန်းများနှင့် ကွန်ကရစ်လမ်းများ ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ တည်ဆောက်ပြီးစီးနေသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်များကို ဆက်သွယ်ပေးမည့် ဒဂုံရိပ်မွန် ခုံးကျော်တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလင်းနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ငွေကြေးနှင့်စာရင်းဇယားများစနစ်တကျစည်းကမ်းရှိစွာလုပ်ကိုင် သတ်မှတ်လျာထားသည့်ရည်မှန်းချက်များပြည့်မီရေးကြိုးစားဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ဖေဖော်ဝါရီ ၁၃ ရက်တွင် မြိတ်မြို့သို့ ရောက်ရှိ၍ မြိတ်မြို့နယ်၌ အသစ်ဆောက်လုပ်ပြီးစီးသွားသည့် မြန်မာ့စီးပွားရေးဘဏ်(ခရိုင်ရုံး)ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင်၊ အထွေထွေမန်နေဂျာဦးအောင်မြင့်နှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်အဆောက်အအုံနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်အဆောက်အအုံသစ်ကို သန့်ရှင်းသပ်ရပ်မှုရှိစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ဘဏ်လုပ်ငန်းများကို သွက်လက်မြန်ဆန်စေရေး ဂရုစိုက်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြိတ်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်(ခရိုင်ရုံးသစ်) အစည်းအဝေးခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံရာ တာဝန်ရှိပုဂ္ဂိုလ်များက ၎င်းတို့၏ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက မိမိဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအနေဖြင့် ငွေကြေးနှင့် စာရင်းဇယားများကို အဓိကကိုင်တွယ်ရသည့် ဌာနဖြစ်သဖြင့် စနစ်တကျစည်းကမ်းရှိစွာ လုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ ဌာနများအလိုက် သတ်မှတ်လျာထားသည့် ရည်မှန်းချက်များကို ဘဏ္ဍာရေးနှစ် မကုန်မီ အချိန်ကာလအတွင်း လျာထားချက် ပြည့်မီရေးအတွက် အထူးကြိုးစားဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာသွားကြရန် မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့ရှိ တနင်္သာရီတိုင်းတိုင်းအခွန်ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းအခွန်ဦးစီးမှူး ဦးတင်ထွန်းနိုင်က တိုင်းအခွန်ဦးစီးမှူးရုံး အဆောက်အအုံ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် အဖွဲ့ဝင်များလိုက်ပါ၍ ကော့သောင်းမြို့ မြို့နယ်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားပြီးကော့သောင်းမြို့ရှိဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာရုံး များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၆–၂–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၂၀ ၈။ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နမ့်မွေတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၅ ၆။ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၀ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၄၅ ၉။ (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုနှစ်ပါးသွားအစီအစဉ် (မင်းသား–အောင်ကိုဝင်း၊ မင်းသမီး–မိချမ်းလန်း၊ တင်မိုးဝါ၊ လူရွှင်တော်–ငွေမိုး၊ ငွေတောင်၊ ရွှေအိုး၊ ပြာလောင်၊ ဒိန်းဒေါင်၊ နေကျော်)
၁၈:၂၀ ၁၀။ Discovery
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Milo Success in Soccer
၁၉:၁၀ ၁၄။ ရင်မှာစွဲထင် ဇာတ်လမ်းရုပ်ရှင် (အပိုင်း–၁)
၁၉:၃၀ ၁၅။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉:၄၀ ၁၆။ တေးဂီတအစီအစဉ်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **" တုံ့မယူလို "** (အပိုင်း–၂၇)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

ဆလုံတိုင်းရင်းသားပွဲတော်သို့ အပျော်စီးရေယာဉ်ထွက်ခွာသွား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ခရီးသွားမြှင့်တင်မှုအစီအစဉ်ဖြင့် တနင်္သာရီတိုင်း ကော့သောင်းမြို့ ဘုတ်ပြင်းရှိ မကြွဲလက် ကျေးရွာ၌ ဖေဖော်ဝါရီ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပမည့် ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်သို့ သွားရောက်မည့် ချင်းတွင်းပင်လယ်သွား အပျော်စီးရေယာဉ်သည် ပြည်တွင်းပြည်ပခရီးသည် ၂၂၅ ဦးတင်ဆောင်၍ ယမန်နေ့နံနက်က ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

လူမှုဘဝလှပဖွံ့ဖြိုးလာတော့မည့် ဆလုံတိုင်းရင်းသား လူမျိုးများ

တက္ကသိုလ်ကိုလတ်

ယနေ့ခေတ်ကာလ၌ နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်မည့် လုပ်ငန်းစဉ်များကို ချမှတ်လမ်းညွှန်ရုံသာမက မိမိတိုင်းပြည်၏ ဒေသအသီးသီးတွင် မျှတစွာဟန်ချက်ညီညီ တစ်ပြိုင်တည်း စည်ကားတိုးတက်လာစေရေးအတွက် နယ်စပ်နှင့်ကျေးလက်ဒေသများအထိ ကိုယ်တိုင်သွားရောက် စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့သွားရောက်ရာတွင် ထိုဒေသမှ ဦးစီးဌာနအလိုက် တာဝန်ရှိသူများနှင့်အတူ ယင်းဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပညာရေးနှင့်လမ်းပန်းဆက်သွယ်ရေးတို့ကိုပါ အသေးစိတ်ထည့်သွင်းစဉ်းစားပြီး လိုအပ်ချက်များကို ဖြည့်စွက် အကောင်အထည်ဖော်ပေးနေသည်မှာ နိုင်ငံတစ်ဝန်းလုံး ကွန်ရက်ကဲ့သို့ သွယ်ယှက်လျက်ရှိနေပေသည်။

ယခု ၂၀၀၄ခု နှစ်ဦးပိုင်း ဇန်နဝါရီလ ဒုတိယပတ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးတိုးတက်မှုများ ဆောင်ရွက်နေရာတွင် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် ဖွံ့ဖြိုးရေး အထူးဒေသအဖြစ်ပါဝင်သော နယ်စပ်ဒေသများအတွက် စီမံဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းသို့ ရောက်ရှိလာခဲ့သည်။

တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံတောင်ဘက်စွန်းတွင် တည်ရှိပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အရှေ့ဘက်နှင့် တောင်ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်တို့နှင့် ထိစပ်တည်ရှိသည်။ မြောက်လတ္တီတွဒ် ၉ဒီဂရီ ၅၈မိနစ်နှင့် ၁၅ဒီဂရီ ဝ၆မိနစ်အတွင်း တည်ရှိသည်။ ကမ်းရိုးတန်းတစ်လျှောက်တွင် ကမ်းလွန်ကျွန်းပေါင်း ၈၀၀ကျော်ရှိပြီး တောင်ဘက်ပိုင်းရှိ ကျွန်းများကို မြိတ်ကျွန်းစုဟုခေါ်သည်။ တနင်္သာရီတိုင်းတစ်ခုလုံး၏ ဧရိယာ စတုရန်းမိုင်ပေါင်း ၁၆၇၃၅ ဒသမ ၅၅၇ ကျယ်ဝန်းသည်။

တနင်္သာရီတိုင်းသည် အရှေ့ဘက်ကုန်းမြင့်ဒေသကြီးတွင် ပါဝင်သော ဒေသဖြစ်၍ ပျမ်းမျှအမြင့်ပေ ၃၀၀၀ခန့်ရှိ တောင်တန်းများသည် အနောက်မြောက်ယွန်းယွန်းမှ အရှေ့တောင်ဘက်ယွန်းယွန်းသို့ သွယ်တန်းလျက်ရှိပြီး အချို့တောင်တန်းများသည် ပင်လယ်အောက်သို့ ငုပ်လျှိုးသွားကာ ပင်လယ်ကျွန်းတောင်များဖြစ်ပေါ်လာသည်။

ထိုင်း-မြန်မာနယ်နိမိတ်အဖြစ် စီးဆင်းသော ပါချန်မြစ်ဝတွင် မြန်မာနိုင်ငံ တောင်ဘက်အစွန်ဆုံးအငူဖြစ်သော ကော့သောင်းအငူ (ဘုရင့်နောင်အငူ)ရှိသည်။

ကမ်းလွန်ပင်လယ်ပြင်တွင် ကျွန်းအများအပြားရှိပြီး ထားဝယ်ဘက်တွင် ဟိန်းဇဲကျွန်းစု၊ မြိတ်ကျွန်းစုတွင် ကတန်ကျွန်း၊ ကင်းကျွန်း၊ ဇယော့သဲတန်းကြီး၊ ဒုံးကျွန်း၊ စခန်းသစ်ကျွန်း၊ ပန်းတောင်ကျွန်း၊ ကံမော်ကျွန်း၊ ပုလဲကျွန်း၊ ဆလုံကျွန်း၊ ဗိုလ်ချိုကျွန်း၊ လန်ပိကျွန်း၊ ဇာဒက်ကလေးကျွန်း၊ ဇာဒက်ကြီးကျွန်းတို့က ထင်ရှားသည်။ ပျမ်းမျှအပူချိန် ၁၀၀ဒီဂရီ ဖာရင်ဟိုက်၊ အနိမ့်ဆုံးအပူချိန် ၆၅ဒီဂရီဖာရင်ဟိုက်နှင့် နှစ်စဉ်မိုးရေချိန် ထားဝယ်၌ ၂၁၅ လက်မ၊ မြိတ်၌ ၁၆၂လက်မ ရှိသည်။

လှေအိမ်နေ ဆလုံမိသားစုကို တွေ့ရစဉ်။

လူဦးရေ တစ်သန်းကျော်နေထိုင်ပြီး တစ်စတုရန်းမိုင်လျှင် လူနေသိပ်သည်းမှု ၆၄ယောက်ရှိ၍ လူဦးရေအများစုမှာ ကမ်းရိုးတန်းလွင်ပြင်နှင့် မြစ်ချောင်းလွင်ပြင်များတွင် နေထိုင်သည်။ ဗမာ၊ မွန်၊ ကရင်၊ ရှမ်း၊ ရခိုင်၊ ဆလုံ တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။

ရေမှုဆိုးများဟု တင်စားနိုင်လောက်သည့် ပင်လယ်ပျော်ဆလုံတိုင်းရင်းသားတို့သည် တနင်္သာရီတိုင်းအတွင်းရှိ ပင်လယ်ပြင်မှ ကျွန်းစုများတွင် လှည့်လည်နေထိုင်ခဲ့ကြသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော် ကာလကပင် ဖြစ်ကြောင်း သမိုင်းပညာရှင်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၉၀ခန့်က မှတ်တမ်းများအရ ဆလုံတိုင်းရင်းသား လူဦးရေ ၅၀၀၀ခန့် ရှိကြောင်းနှင့် မြန်မာ့ပင်လယ်ပြင်တွင်းရှိ မြိတ်ကျွန်းစုဒေသတွင် အုပ်စုအလိုက်အနှံ့အပြား တိုင်းရင်းသားလူမျိုးတစ်စု အနေဖြင့် နေထိုင်ခဲ့ကြကြောင်း သိရှိရပေသည်။ ကျွန်းပေါင်း ၈၀၄ကျွန်းရှိသော မြိတ်ကျွန်းစုတွင် ကတန်ကျွန်းမှာ အကြီးဆုံးကျွန်းဖြစ်ပြီး လန်ပိကျွန်း (Lampi Is)မှာ ကမ္ဘာ့အလှဆုံးကျွန်းများ စာရင်းတွင် ပါဝင်သည်။ နိုင်ငံတော်အစိုးရက ထိုကျွန်းတွင် အဏ္ဏဝါအမျိုးသား ဥယျာဉ် တည်ဆောက်လျက်ရှိသည်။

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ကျင်းပလျက်ရှိသည့် "မကြွဲလက်"ဟူသောရွာအမည်မှာဆလုံအမည်ဖြစ်သည်။

ဆလုံတိုင်းရင်းသားတို့သည် သူတို့ကျင်လည်လှုပ်ရှားရသော ကြမ်းတမ်းခက်ထန်လှသည့် ဘဝပေးအခြေအနေနှင့် လိုက်ဖက်အောင်ပင် ခယောင်းတောကို လမ်းချောထင်လျက် လျှောက်လှမ်းခဲ့ကြရသည်။ ဘဝခရီးကြမ်း၏ ဒဏ်ရာဒဏ်ချက်များဖြင့် မပီပြင်ဝိုးတဝါးရုပ်သွင်များပမာ လေဒဏ်၊ နေဒဏ်၊ ပင်လယ်ဆားငန်ရေတို့ အမြဲထိတွေ့နေရ၍ အသားအရေ မွဲခြောက်ခြောက်ရှိသည်၊ ပင်လယ်ပြင်အနံ့ရင်ကန်းသားဖြင့် ပြုလုပ်ထားသော လှေငယ်ဖြင့် မိသားစုအားလုံးကို တင်ဆောင်ကာ ပင်လယ်မျှော့၊ စတီ၊ ခရု၊ မှတ်ကောင်နှင့် ပုလဲ၊ ငါးကြီးအန်ဖတ်တို့ကို ရေငုပ်ရှာဖွေရင်း တစ်နေဝင် တစ်နေထွက် ခရီးဆက်နေကြသူများဖြစ်သည်။ ပင်လယ်ပြင်တွင် မွေးဖွား၍ ပင်လယ်ပြင်၌ ဘဝနိဂုံးချုပ်ကြသူများဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဆလုံတိုင်းရင်းသားများ အသိအမြင်တိုးတက်ရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေပြီဖြစ်ရာ ဆလုံတိုင်းရင်းသားလူငယ်များသည် ဘောင်းဘီရှည်၊ ဘောင်းဘီတိုဝတ်ဆင်ခြင်း၊ တိုင်းရင်းသူများက အပေါ်အင်္ကျီများမှအစပြု၍ ခေတ်မီရုပ်အင်္ကျီများ၊ ပါတိတ်ဆင်များ၊ ရွှေထည်လက်ဝတ်ရတနာများကို ဝယ်ယူ ဝတ်ဆင်လာကြပြီဖြစ်သည်။ နားကပ်ဝတ်ဆင်သူများကို ထူးခြားစွာ မတွေ့ရသေးပေ။ ယခင်က ဖိနပ်စီးလေ့မရှိကြသော်လည်း ယခု ဖိနပ်စီးခြင်း၊ မြို့ပေါ်သို့ သွားရောက်စဉ် စားသောက်ဆိုင်၊ ကုန်ခြောက်ဆိုင်များသို့ အဝတ်အစားအပြည့်အစုံဖြင့် သွားရောက်စားသောက်ဝယ်ယူခြင်းကို တွေ့ရပြီဖြစ်သည်။ ယခင်က ပုလင်းကွဲ၊ ဝါးကြော၊ ကတ်ကြေးတို့ဖြင့် ဆံပင်ညှပ်ခြင်း ဖြတ်ခြင်းပြုကြသော်လည်း ယခုဆံပင်ညှပ်ဆိုင်တွင် ညှပ်ခြင်း၊ အမျိုးသမီးငယ်များက ဆံပင်ဖြတ်ခြင်း၊ ကောက်ခြင်းများ ပြုလုပ်လာကြပြီဖြစ်သည်။ ယခင်က ဆလုံတိုင်းရင်းသားတို့သည် နတ်ကိုးကွယ်ကြသော်လည်း ယခုဆိုလျှင် ဆက်နွယ်ရာ ဗုဒ္ဓဘာသာ၊ သို့မဟုတ် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်ကြသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ၁၉၉၄ခုနှစ်မှစပြီး တနင်္သာရီတိုင်းအတွင်း မြိတ်နှင့် ကော့သောင်းဒေသတို့တွင် ဆလုံကျွန်းစခန်း နယ်မြေများ၌ စုစည်းကျေးရွာများ တည်ဆောက်ရေး စီမံချက်ကို ဌာနဆိုင်ရာများပူးပေါင်းရေးဆွဲ အကောင်အထည်ဖော်ခဲ့ကြသည်။

မြိတ်ကျွန်းစုအတွင်း ဆလုံတိုင်းရင်း သားများ စတည်းချနေထိုင်လေ့ရှိသည့် ကျွန်းများမှာ ညာမိုင်း၊ ဒုံးကမာချောင်း၊ ဒုံးပုလဲအော်၊ မီးစိမ်းကျွန်း၊ လငန်း၊ အပြင်ဒုံးကျွန်း၊ လင်းလွန်းအော်၊ ပလောဝါး၊ လမိုင်းကော့၊ လအဲ၊ ကံမော်၊ ဇယော့၊ ဆန်နိုင်းကျွန်း၊ ဝဲကျွန်း၊ ဆလန်းကျွန်းရွာ၊ ရေမြစ်ကြီးရွာနှင့်ဇလပ်အော် ရွာတို့ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၂၈၉စု၊ လူဦးရေစုစုပေါင်း ၁၂၆၂ဦးရှိကြောင်းသိရသည်။

ကော့သောင်းခရိုင်တွင် ဇာဒက်ကြီးကျွန်း၏ အနောက်မြောက်ဘက် တလွန်းဆလုံရွာ၊ ဇာဒက်ကြီးကျွန်းပေါ်ရှိ ကော့ညော့ရွာ၊ ဘုတ်ပြင်းမြို့နယ်ရှိ လန်ပိကျွန်း၊ ဗိုလ်ချိုကျွန်းရှိ မကြွဲလက်ကျေးရွာ၊ ညောင်ဝိကျေးရွာ၊ စိန်ပေါကျွန်း၏ အရှေ့ဘက်ခြမ်း တာပူးရွာတို့၌ ဆလုံတိုင်းရင်းသားများ ဝင်ထွက်သွားလာကြပြီး မိုးရာသီတွင် ခြေတံရှည်အိမ်များ ဆောက်လုပ်မိုးခိုနေထိုင်ကြသည်။ ယခုအခါတွင် ဆလုံတိုင်းရင်းသားများစုစည်းမှုကို နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသဖြင့် ကော့သောင်းခရိုင်အတွင်း စုစည်းနေထိုင်သည့် ကျေးရွာများတွင် အိမ်ထောင်စု ၂၂၄စု၊ ဆလုံလူမျိုး ၁၀၁၂ဦးရှိကြောင်း သိရသည်။

၂၀၀၁ခုနှစ်အထိ တနင်္သာရီတိုင်း ကော့သောင်းခရိုင်၊ မြိတ်ခရိုင်ရှိ ဆလုံတိုင်းရင်းသားများအနက် ဆလုံစုစည်းကျေးရွာများတွင် နေထိုင်သူ ဆလုံတိုင်းရင်းသား ၂၂၇၄ဦးနှင့် ပင်လယ်ပြင်တွင် လှည့်လည်ကျက်စားသွားလာနေထိုင်ကြသော ဆလုံတိုင်းရင်းသားဦးရေ ၁၈၀၀ခန့်တို့ အပါအဝင် စုစုပေါင်း ဆလုံတိုင်းရင်းသား ၄၀၀၀ဦးခန့်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ယခုဖေဖော်ဝါရီလ ၁၄ရက်မှ ၁၇ရက်နေ့အထိ ဆလုံတိုင်းရင်းသား ရိုးရာပွဲတော်ကို ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် လန်ပိကျွန်းအနီး ဗိုလ်ချိုကျွန်းရှိ မကြွဲလက်ကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးမည့် အစီအစဉ်ရှိသဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဆလုံတိုင်းရင်းသားရိုးရာပွဲတော်ကျင်းပမည့် မကြွဲလက်ကျေးရွာသို့ လာရောက်လျက် ဆလုံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မှတ်တမ်းဓာတ်ပုံများရိုက်ခြင်း၊ ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ပြုလုပ်ရာ ယခင်ခေတ်အဆက်ဆက်က အုပ်ချုပ်ခဲ့သည့် နိုင်ငံအကြီးအကဲများနှင့် ယခုကဲ့သို့ အိမ်တိုင်ရာရောက် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခွင့်မရခဲ့သော၊ မမြင်ဖူးခဲ့သော၊ မည်သည့်အခွင့်အရေးမျှ မရရှိခဲ့ဖူးသော ပင်လယ်ပျော်တိုင်းရင်းသားလူမျိုးများသာမက ဒေသဝန်းကျင်မှ သိသိသမျှ တိုင်းရင်းသားပြည်သူများက ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်သော အောက်ခြေဒေသများအထိ နိုင်ငံတော်ဝန်ကြီးချုပ်၏ ကွင်းဆင်းလေ့လာကြည့်ရှုမှု၊ စီမံဆောင်ရွက်ပေးမှုများကို ဂုဏ်ယူဝမ်းမြောက်မဆုံး ရှိနေကြပေသည်။

ထို့ပြင် ကော့သောင်းဒေသသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား ညို့ယူဖမ်းစားနိုင်သော တောတောင်ရေမြေ အနေအထား၊ အန္တရာယ်ကင်းသော သဘာဝပင်လယ်ပြင်နှင့် လင်းပိုင်မွေးမြူရေးလုပ်ငန်း၊ ကမ္ဘာကျော်ပင်လယ်ပျော်မော်ကင်းတို့၏ ဘဝဓလေ့၊ သဘာဝသယံဇာတ ရေအောက်သုတေသန အဏ္ဏဝါဇီဝ လုပ်ငန်းများ၊ သန္တာကျောက်ဆွယ်တန်းများဖြင့် ပြည့်နှက်နေသော အကြောင်းအရပ်များလည်း ဖြစ်တည်လျက်ရှိနေပေသည်။ ကမ္ဘာလှည့်ခရီးသည်များသည် စက်တပ်ရွက်လှေဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ်က မြိတ်မြို့သို့ ၄၀၊ ကော့သောင်းမြို့သို့ ၂၀၃၉ဦး လာရောက်လည်ပတ်ခဲ့ကြသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးချဲ့လာနိုင်သည်နှင့်အမျှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်မည့် အခွင့်အလမ်းများ ဖြစ်ပေသည်။

သို့ဖြစ်ရာ နှစ်ပေါင်းများစွာ ပင်လယ်ဒီလှိုင်းတို့ကို ရင်ဆိုင်အနိုင်ယူရင်း ဘဝကို ကြံကြံခိုင်ခိုင် ယှဉ်ပြိုင်လှုပ်ရှားနေကြသော ဆလုံ တိုင်းရင်းသားတို့၏ ရိုးရာပွဲတော်ကျင်းပလျက်ရှိသည့် မြိတ်ကျွန်းစု မကြွဲလက် ကျေးရွာမှာ ဆုံစည်းကြရင်း သွေးချင်းသားချင်းတို့၏ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

ဆလုံသီချင်း သီဆိုနေကြသော ကျွန်းစုမြို့နယ် ဒုံးပုလဲအော် စာသင်ကျောင်းမှ ဆလုံကျောင်းသားငယ်များ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဟိုင်ဖိုင်အမြန်ရေယာဉ်(၈) ဖွင့်ပွဲ အခမ်းအနားတွင် ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ ဘဏ်သစ်ဖွင့်ပွဲနှင့် ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ဖွင့်ပွဲတက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြိတ်မြို့ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် တနင်္သာရီတိုင်း မြိတ်မြို့ ကန်ဖျားမြို့မရပ်ကွက်ရှိ အဆိုပါ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးကြီးဟုန်းငိုင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကျောင်းသားကျောင်းသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူတစ်ဦးက မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ဆောက်လုပ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်ကိုကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ထံ ဖွင့်ပွဲအထိမ်းအမှတ်ဓာတ်ပုံများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စက်ခလုတ်နှိပ်၍ မြန်မာ့စီးပွားရေးဘဏ် မြိတ်မြို့ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးလိုက်သည်။

ဘဏ်အဆောက်အအုံသစ်ဖွင့်

ဆက်လက်၍ မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်နှင့် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင်တို့က ဖဲကြိုးဖြတ်၍ မြန်မာ့စီးပွားရေးဘဏ်အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘဏ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် T.Z.K ကုမ္ပဏီလီမိတက်၏ ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် မြိတ်မြို့ ဆိပ်ငယ်တံတားသို့ ရောက်ရှိကြသည်။

ထို့နောက် ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ဖွင့်ပွဲအခမ်းအနားကို ဆိပ်ငယ်တံတားရှိ အဆိုပါ ရေယာဉ်ရှေ့၌ ကျင်းပရာ အစီအစဉ်အရ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့သည် အမြန်ရေယာဉ်(၈)အတွင်း လှည့်လည်ကြည့်ရှုကြရာ T.Z.Kကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိုးဝင်းက လိုက်လံရှင်းလင်း ပြသသည်။

အဆိုပါ ဟိုင်ဖိုင်အမြန်ရေယာဉ်(၈)သည် ထားဝယ်–မြိတ်–ကော့သောင်းခရီးစဉ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြိတ်မြို့ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရွှေမြင်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပန်းတနော်မြို့ ကျက်သရေ ဆောင်သမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဂေါပကအဖွဲ့က ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ (ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်အထိ) အငြိမ့်၊ ရုပ်ရှင်၊ ဓာတ်သဘင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော် ကျင်းပမည့် တပေါင်းလပြည့်နေ့တွင် ပန်းတနော်မြို့နယ်အသင်း(ရန်ကုန်)က ဘုရားပွဲလာသူများအား စတုဒိသာ ကျွေးမွေးလှူဒါန်းကာ မြို့နယ်ရှိ ဒါယကာဒါယိကာမများက ပင့်သံဃာအပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဟုသိရသည်။

(၃၂၇)

ဆလုံတိုင်းရင်းသားရိုးရာပွဲတော် ၂၀၀၄
မကြိုဂလက်ကျေးရွာ၊ မြိတ်ကျွန်းစု
ပြည်ထောင်စုမြန်မာနိုင်ငံတော်
၁၄–၂–၂၀၀၄ မှ ၁၇–၂–၂၀၀၄

ဖေဖော်ဝါရီ ၁၄ ရက်က ဆလုံတိုင်းရင်းသား ပွဲတော်သို့ သွားရောက်မည့် ချင်းတွင်း ပင်လယ်သွား အပျော်စီးရေယာဉ် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းမှ စတင်ထွက်ခွာသွားစဉ်။ (သတင်း–၁၀) (သတင်းစဉ်)



ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး သိမ်တော်ကြီးခမ်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အသင်းသူအသင်းသားအားလုံးက ရတနာသုံးပါး ဦးထိပ်ထား၍ သက်ကြီးအသင်းဝင်များအား ကန်တော့ကြသည်။ ဆက်လက်၍ ၂၀၀၄ခုနှစ် နိုင်ငံတော်အဆင့်ဂုဏ်ပြုပွဲ တံဆိပ်ရ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်လူမှုထူးချွန်ပထမဆင့်ရအသင်းနာယက (ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အုပ်ချုပ်မှုဒါရိုက်တာ အောင်အောင်အင်တာပရိုက်စ် လီမိတက်)အား နာယက ဦးမောင်မောင်ဌေးက ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားပြီးဂုဏ်ပြုလွှာပေးအပ်ဂုဏ်ပြုသည်။ ထို့နောက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် ဆရာကြီး ဦးပုနှင့်သားသမီးများ ပညာရေးပဒေသာပင်မှ ပညာသင်ထောက်ပံ့ငွေများ ထောက်ပံ့ခြင်းများကို နာယကများ၊ ဥက္ကဋ္ဌများနှင့် အမှုဆောင်များက ချီးမြှင့်ပေးအပ်သည်။

(က–ပ)

ဖေဖော်ဝါရီ ၁၅ ရက်က (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို တပ်မတော်ခန်းမ၌ ဆက်လက်ပြသရာ ကျောင်းသား ကျောင်းသူလေးများ လာရောက် လေ့လာကြည့်ရှုကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းများ ရှင်းလင်းပွဲ အခမ်းအနားတွင် လုပ်ငန်းတာဝန်များရှင်းလင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များအကြောင်းရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဦးဆောင်သောအဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီးဆရာဝန်အသင်း(ရန်ကုန်)မှ အသင်းဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းများအကြောင်း ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(အေ)၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခ ဒေါက်တာဒေါ်မေမေရီ၊ ဒေါ်သန်းသန်းနွဲ့နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ အမှုဆောင်များ၊ အသင်းဝင် ဆရာဝန်များ၊ မြန်မာနိုင်ငံအမျိုးသမီး ဆရာဝန်အသင်း(ရန်ကုန်)နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်အမျိုးသမီး ဆရာဝန်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးအက်စ်ကျော်လှက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မေမေရီက အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွဲ့ချုပ်၏လုပ်ငန်းတာဝန်များကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး ရှင်းလင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ သမထဝိပဿနာတရားတော်များကို ဩဝါဒါစရိယနှင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း) အရှင်သူမြတ်က ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ခုနစ်ရက်တရားစခန်းဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖေဖော်ဝါရီ၂၁ ရက် (စနေနေ့) ညနေ ၅ နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့် တကွ လာရောက်စာရင်းသွင်းနိုင်ကြ ပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အသုံးချသိပ္ပံစာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ စာပေဗိမာန်စာမူ ပထမဆုရ သိပ္ပံစာရေးဆရာ ဦးကိုကိုအောင်၏ 'ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိလျှပ်စစ်'စာအုပ် ၁၂၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)တွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲအရာရှိကြီးများနှင့် အလှူရှင် ဦးကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်) တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် သိပ္ပံစာရေးဆရာ ဦးကိုကိုအောင်က ၎င်းရေးသားသော ၁၉၉၉ ခုနှစ် သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ဘာသာရပ် စာပေဗိမာန်စာမူ ပထမဆုရ 'ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိလျှပ်စစ်' စာအုပ် ၁၂၀ အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကင်းမြို့နယ်စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၅ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကင်းပညာရေးကောလိပ်ခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ စာဆိုတော်နေ့အထိမ်း အမှတ်အခမ်းအနားကျင်းပရာ သဘာပတိ ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ရွှေ (တင်အောင်ရွှေ-သုတေသီ)နှင့် ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖေခင်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာမကြီးဓောမုံညင်း၊ စာရေးဆရာများဖြစ်ကြသော တင်အောင်ရွှေ (သုတေသီ)၊ သိပ္ပံမှူးတင်၊ အိကြာကွေးနှင့် ရန်ကင်းပညာရေးကောလိပ်ကျောင်းအုပ် ဦးရန်နိုင်တို့က ဟောပြောကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးကြိုးပမ်း ပြန်ကြားရေးလုပ်ငန်းများအရည်အသွေးမြင့်မားအောင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ တာဝန်ရှိသူများလိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိလာပြီး ရုံးရှေ့၌ စိုက်ထူပြသထားသည့် နံရံကပ်စာစောင်ပြသထားမှု၊ သုံးခွမြို့နယ်အတွင်း လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ ပြသထားမှု၊ ရုပ်မြင်သံကြားခန်းမနှင့် စာကြည့်ခန်းမတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား စာကြည့်ခန်းမ၌ သုံးခွ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွှန့်ရွှေက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နံရံကပ်စာစောင်များကို မိမိတို့ရုံးရှေ့၌ ပြသထားခြင်းအပြင် အများပြည်သူများ စည်ကားရာနေရာများတွင်လည်း ပြသရေး၊ ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ ထူထောင်ထားပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ နယ်လှည့်စာကြည့်တိုက်များကို ကျေးရွာတိုင်းသို့ တစ်ခေါက်မရောက်ရောက်အောင် သွားရောက်၍ ပြည်သူများ အသိပညာပြန့်ပွားအောင် ဆောင်ရွက်ရေး၊ သတင်းစာ သို့မဟုတ် ဂျာနယ်တစ်စောင် ကျေးရွာတိုင်းသို့ ရောက်ရှိအောင် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသနှင့် အစွန်အဖျား ကျေးလက်ဒေသများသို့ပါ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ပြန်ကြားရေး လုပ်ငန်းများကို သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သုံးခွမြို့နယ် ကျေးရွာလူထု အသိပညာပြန့်ပွားရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် နယ်လှည့်စာကြည့်တိုက်များအတွက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ ကမာရွတ်မြို့နယ်နေ ဦးမြင့်ဦးနှင့်ဇနီး ဒေါ်သစ်သစ်ဦးမိသားစုက မိဘများအား အမှူးထား၍ ငွေကျပ်တစ်သိန်းနှင့် သာကေတမြို့နယ် အမှတ်(၃)ရပ်ကွက် မာန်ပြေ(၁၄)လမ်းနေ ဦးလှအေးနှင့် ဇနီးဒေါ်မြင့်မြင့်ရီမိသားစုက ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အမ်ဘီအေကျောင်းသားများစက်ရုံလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ပါမောက္ခ ဒေါ်နုနုယဉ် ခေါင်းဆောင်သော ပထမနှစ် ညနေပိုင်း အမ်ဘီအေ ကျောင်းသားကျောင်းသူများသည် ပုလဲမြို့သစ်ရှိ မေပယ်လ်အထည်ချုပ်စက်ရုံနှင့် လှိုင်သာယာစက်မှုဇုန်ရှိ စိမ်းလဲ့မြေ စားသောက်ကုန်လုပ်ငန်းစက်ရုံသို့ ယမန်နေ့က လေ့လာရေးခရီး သွားရောက်ကြသည်။

သိကောင်းစရာ

ရှေးဦးစွာ ပါမောက္ခနှင့် ကျောင်းသားကျောင်းသူများသည် ပုလဲမြို့သစ်ရှိ မေပယ်လ် အထည်ချုပ်စက်ရုံသို့ ရောက်ရှိလာရာ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာအောင်ဝင်းနှင့်ဇနီး ဒေါ်ကြွေကြွေဇင်တို့က ကြိုဆိုကြပြီး စက်ရုံ အစည်းအဝေး ခန်းမ၌ စက်ရုံအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးသို့ မွန်းတည့် ၁၂ နာရီတွင်ရောက်ရှိလာရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် အဖွဲ့ဝင်များကကြိုဆိုကြပြီး စုဝေးခန်းမ၌ ဦးမြတ်သင်းအောင်က လှိုင်သာယာ စက်မှုဇုန်အကြောင်း ရှင်းလင်းပြောကြားသည်။

လေ့လာ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် လှိုင်သာယာစက်မှုဇုန်(၃)ရှိ စိမ်းလဲ့မြေ စားသောက်ကုန်လီမိတက်သို့ ရောက်ရှိလာပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ***အမျိုးသားပတ်ဝန်းကျင်မှ***

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးစသည့် အဓိကရည်မှန်းချက်ကြီးနှစ်ရပ်ကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၁၉၉၈ခုနှစ်ကစတင်၍ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကျင်းပခဲ့ရာ (ယခု) ၂၀၀၄ခုနှစ်တွင် သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ဆောင်ရွက်လျက်ရှိသည်။

"တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးစွဲကြစို့၊ ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက ဟူသောဆောင်ပုဒ်တွေနဲ့ သတ္တမနှစ်အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကျင်းပခြင်းဖြစ်ပါတယ်"

ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးအောင်။

သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်သည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည်။ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်နှင့် ပတ်သက်၍ ဆောင်ရွက်လုပ်ကိုင်မှုများကို ရေးသားတင်ပြနိုင်ရန် သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင်လွင်နှင့်ဆက်သွယ်ကာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးအောင်၊ ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနစိတ် စီမံချက်မန်နေဂျာဦးကျော်ဝင်းတို့အား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးအောင်က "သတ္တမနှစ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို 'တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့'၊ 'ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက'စတဲ့ ဆောင်ပုဒ်တွေနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ ကျန်းမာရေး တိုးတက်မြင့်မားစေရန် သန့်ရှင်းသောသောက်ရေသုံးရေ လုံလောက်စွာရရှိရေး၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့၊ သန့်ရှင်းတဲ့ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးစတဲ့ အချက်တွေ အထူးအရေးပါပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်များက သန့်ရှင်းတဲ့ သောက်ရေသုံးရေ လုံလုံလောက်လောက်မရတာရယ်၊ ယင်လုံအိမ်သာဆောက်လုပ်အသုံးချမှု နည်းပါးတာရယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု အလေ့အကျင့်နည်းပါတာရယ်တို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါစသည်တို့ ဖြစ်ပွားခဲ့တယ်။ ဒါကြောင့် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်က ကျင်းပတဲ့အကြိမ် (၂၀)မြောက် အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးမှာ တစ်နိုင်ငံလုံး၊ မြို့နယ်များ၊ ကျေးရွာများမှာ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲဖို့ ဆုံးဖြတ်ခဲ့ကြတယ်။

ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနက ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ကျန်းမာရေးပညာဌာနနဲ့ပူးပေါင်းပြီး ဒေသထွက်ပစ္စည်း အသုံးပြုဆောက်လုပ်တဲ့ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း၊ ယင်မလုံသောအိမ်သာများ ယင်လုံအောင် ပြန်လည်ပြုပြင်ခြင်းစတဲ့ နည်းပညာများပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဆောင်ရွက်ခဲ့တယ်။ ၁၉၉၈ ခုနှစ် မေ ၁၁ ရက်မှ ၁၇ ရက် အထိ ပထမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ယင်လုံအိမ်သာ

"အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်ကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားများကနေ ပြည်သူကိုကျယ်ကျယ်ပြန့်ပြန့် အသိပေးပြီးယင်လုံအိမ်သာကနေ သန့်ရှင်းအိမ်သာဖြစ်အောင် လှုံ့ဆော်ပါမယ်"

ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်။

သုံးစွဲရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့တယ်။ အဲဒီလို နှစ်စဉ်မပျက်ကျင်းပခဲ့တာ ယခု သတ္တမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်တယ်။

ရက်သတ္တပတ် လှုပ်ရှားမှုမတိုင်မီ ၁၉၉၇ ခုနှစ်က မြန်မာတစ်နိုင်ငံလုံး သန့်ရှင်းရေးလူဦးရေလွှမ်းခြုံမှု ၄၆ ရာခိုင်နှုန်းသာရှိခဲ့ရာက ၁၉၉၈ခုနှစ် ရက်သတ္တပတ်လှုပ်ရှားမှုအပြီး သန့်ရှင်းရေးလူဦးရေလွှမ်းခြုံမှု ၆၀ ရာခိုင်နှုန်းတိုးတက်လာခဲ့တယ်။ ၁၉၉၉ခုနှစ် ဒုတိယအကြိမ်အပြီးမှာ ၇၃ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ် တတိယအကြိမ်အပြီးမှာ ၈၃ ရာခိုင်နှုန်း၊ ၂၀၀၁ ခုနှစ် စတုတ္ထအကြိမ် အပြီးမှာ ၈၇ ရာခိုင်နှုန်း၊ ၂၀၀၂ ခုနှစ် ပဉ္စမအကြိမ် အပြီးမှာ ၈၉ ရာခိုင်နှုန်း၊ ၂၀၀၃ ခုနှစ် ဆဋ္ဌမအကြိမ် အပြီးမှာ ၉၀ ရာခိုင်နှုန်းအထိ သန့်ရှင်းရေးလွှမ်းခြုံမှုတိုးတက်လာခဲ့တယ်။ စတုတ္ထအကြိမ် ရက်သတ္တပတ်လှုပ်ရှားမှုကစပြီး ယင်လုံအိမ်သာဆောက်လုပ်ရေးလုပ်ငန်းတင်မက ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းကိုပါ ထည့်သွင်းဆောင်ရွက်ပါတယ်။ ပဉ္စမနဲ့ ဆဋ္ဌမအကြိမ်မှာတော့ လက်သန့်ရှင်းရေးလုပ်ငန်းကိုပါ ဆောင်ရွက်ခဲ့ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာန စီမံချက်မန်နေဂျာ ဦးကျော်ဝင်းက သန့်ရှင်းရေးရက်သတ္တပတ်အတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်တိုင်းတစ်ပြည်လုံး လှုံ့ဆော်စည်းရုံး၍ ပြည်သူလူထု ကျယ်ပြန့်စွာ သဘောပေါက်နားလည်ပြီး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲထိန်းသိမ်းရေးအရှိန်အဟုန်မြင့်လာစေရန်၊ ပြည်သူလူထုအတွင်း ယင်လုံအိမ်သာ သုံးစွဲတတ်သော အလေ့အကျင့်ကောင်းများရရှိလာပြီး မစင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းလာစေရန်၊ အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ရှားမှုရက်သတ္တပတ်ကို သတ်မှတ်ပြီး လူထုလှုပ်ရှားမှုအသွင်ရရှိစေရေး ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ပါတယ်။

၂၀၀၄ ခုနှစ်မှာ ယင်လုံအိမ်သာဆောက်လုပ်ခြင်းကို ၉၅ ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားရန် လျာထားရာ

"ပြည်သူလူထု ယင်လုံအိမ်သာသုံးစွဲတဲ့ အလေ့အကျင့်ကောင်းများရှိမှသာ ကူးစက်ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းလာမှာဖြစ်"

စီမံချက်မန်နေဂျာ ဦးကျော်ဝင်း။

မြို့ပြယင်လုံအိမ်သာ ၁၁၀၀၀၀ ခန့်နှင့် ကျေးလက်တောရွာယင်လုံအိမ်သာ ၂၃၀၀၀၀ ခန့် ဆောက်လုပ်ရန် လျာထားပါတယ်။ ဒါ့အပြင် ကျေးရွာတိုင်းမှာ သန့်ရှင်းသောသောက်ရေ သုံးရေ ရရှိရေးနဲ့ ရေဆိုးရေညစ်များကိုလဲ စနစ်တကျစွန့်ပစ်ရေးကိုလဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးက ရောဂါကင်းစင်စေ၍ တစ်ကိုယ်ရေသန့်ရှင်းရေးကို အထူးဦးစားပေးတဲ့အနေနဲ့ ပညာပေး သရုပ်ပြဟောပြောပွဲများလဲ ကျင်းပသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာပညာဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က သတ္တမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်ကို ဗဟိုဦးစီးကော်မတီအနေနဲ့ ရန်ကုန်မှာကျင်းပပြီး ပြည်နယ်၊ တိုင်းအဆင့်နဲ့ မြို့နယ်အဆင့်များမှာလဲ ကျင်းပမှာဖြစ်ပါတယ်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား မီဒီယာများကနေ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ ပါဝင်လှုပ်ရှားလာစေရေးကို အစွမ်းကုန် ပြုလုပ်သွားမှာ ဖြစ်တယ်။ တစ်နိုင်ငံလုံးဖြန့်ဝေဖို့ရန် လက်စွဲစာအုပ်၊ လက်ကမ်းစာစောင်၊ ပိုစတာများကိုလည်း UNICEF° ရဲ့ ပံ့ပိုးမှုနဲ့ ထုတ်ဝေပြီး ပြည်နယ်၊ တိုင်းနဲ့ ခရိုင်၊ မြို့နယ်များက တစ်ဆင့် ကျေးလက်တောရွာအရောက် ဖြန့်ဝေမှာဖြစ်ပါတယ်။

ယင်လုံအိမ်သာသုံးစွဲရာတွင် ခွက်ကောင်းဖို့ထက် ယင်လုံဖို့က အရေးကြီးပါတယ်။ ယင်နဲ့မစင် မထိတွေ့ဘူးဆိုတာနဲ့ ဝမ်းနဲ့ပတ်သက်တဲ့ ရောဂါများစွာကို ကာကွယ် နိုင်ပါတယ်။ ဒါကြောင့် ဒီနှစ်ဆောင်ပုဒ်က 'တစ်သက်တာကျန်းမာဖို့ သန့်ရှင်း အိမ်သာသုံးကြစို့'ဆိုပြီး ယင်လုံအိမ်သာကနေ 'သန့်ရှင်းအိမ်သာ' ဖြစ်အောင် အဆင့်မြင့်လှုံ့ဆော်လိုက် တာဖြစ်တယ်။ လူတစ်ယောက်စီအတွက်သာမကဘဲ လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက်ပါ တစ်သက်တာ အသက်ရှည်ကျန်းမာဖို့ သန့်ရှင်းအိမ်သာကို သုံးဖို့လိုပါတယ်"ဟု ပြောကြားသည်။

လူ့ဘဝအသက်ရှင်နေထိုင်မှု၏ လာဘ်ကြီးတစ်ပါးဖြစ်သည့် ကျန်းမာရေး အစဉ်ထာဝရကောင်းမွန်နေအောင် သန့်ရှင်းအိမ်သာသုံးစွဲ၍ အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်တွင် ပါဝင်ဆင်နွှဲကာ ကျန်းမာကြံ့ခိုင်သော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ထူထောင်သွားရမည် ဖြစ်ပေသည်။ ။**(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၁၄ရက်က Myanmar Open ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး ဦးဆောင်ကစားလျက်ရှိသော ထိုင်းမှ Thongchai Jaidee ယှဉ်ပြိုင်စဉ်။ (သတင်း ဖော်ပြပြီး)

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်စတုတ္ထအစည်းအဝေးနှင့်သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပွဲတွင်ဆွမ်းဆက်ကပ်လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ပဉ္စမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလဆန်း ၁၅ ရက်ထိ (မတ် ၁ ရက်မှ မတ် ၅ ရက်) အထိ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်ခံယူတော်မူကြသည့် ဆရာတော်ကြီးများ၊ အထူးပင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ပဏ္ဍာသမဏသံဃာတော်များ စုစုပေါင်း ဆရာတော် သံဃာတော် ၉၁၂ ပါးကျော် ကြွရောက်တော်မူကြမည်ဖြစ်သည်။

ယင်းဆရာတော်ကြီးများအား ဆွမ်းကွမ်းနှင့် အချိုရည်ဆက်ကပ်လှူဒါန်းလိုကြသော အလှူရှင်များသည် သံဃာတော်တစ်ပါးလျှင် တစ်နေ့တာ ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်ရှိ ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၆၀၇၆၆၊ ၆၆၀၉၉၈၊ ၆၆၀၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ စိမ့်စမ်းမြောင်သာသနာ့ရိပ်သာ၏ ဦးစီးပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တပညာဝံသ မထေရ်မြတ်၏ သက်တော်(၈၁)နှစ်ပြည့် မွေးနေ့မင်္ဂလာပူဇော်ပွဲကို ဖေဖော်ဝါရီ၂၀ရက်(သောကြာနေ့)တွင် ပြုလုပ်မည်ဖြစ်ရာ ထိုမွေးနေ့ မင်္ဂလာပူဇော်ပွဲ၌ ဖေဖော်ဝါရီ၁၆၊၁၇ရက်များတွင် မဟာစည်နယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ မေတ္တာအေး ဆရာတော် ဘဒ္ဒန္တသုဇာတနှင့်၁၈၊၁၉များရက်တွင် မိုးကုတ်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ သဇင်ရေကျော်ဆရာတော်ဘဒ္ဒန္တပဏ္ဍာဝံသတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

မြောက်ဥက္ကလာပမြို့နယ် အလက (၂) ၂၀၀၂-၂၀၀၃ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် သိပ္ပံထူးချွန်ဆုရရှိသော မနေရီဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

ငါးကျပ်မ်းပြန်ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် ငါးကျမ်းပြန် (ထားဝယ်) သာသနာ့ရိပ်သာ၏ ပဉ္စမအကြိမ် နွေရာသီဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို မတ် ၇ ရက် (တပေါင်းလပြည့်ကျော် ၂ရက်)မှ ဧပြီ ၄ ရက် (တန်ခူးလပြည့်နေ့)ထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဆရာတော် ဒေါက်တာအရှင်ဓမ္မပိယ(သာသနဓဇ ဓမ္မာစရိယ၊ Ph.D) နှင့် ဝန်ဆောင် သံဃာတော် အရှင်မြတ်များကဦးစီး၍ ပို့ချသင်ကြားသွားမည်ဖြစ်ရာ သင်တန်းသားများကို ဖေဖော်ဝါရီ ၁၆ရက်မှစ၍ လက်ခံသွားမည်ဖြစ်သည်။

သင်တန်း၌ တက်ရောက်ကြသည့် ရှင်သာမဏေ၊ သိက္ခာရှင်များ အားအရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ရေ၊ မီး၊ ဆေးများအတွက် လှူဒါန်းလိုပါက ငါးကျမ်းပြန်(ထားဝယ်) သာသနာ့ရိပ်သာ ဖုန်း-၅၇၁၃၁၂၊ ၅၆၂၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

စစ်ကိုင်းမြို့နေ
ဦးဗိုလ်–ဒေါ်တင်မေ တို့၏မြေး၊ ဦးအောင်ထွန်း–ဒေါ်ခင်တာ(စစ်ကိုင်းဆီစက်)တို့၏သား
မောင်မောင်ဦး B.A(Philosophy)
နှင့်
ရန်ကုန်မြို့နေ
ဦးအောင်သောင်း(သချာ)–ဒေါ်အေးအေးသန်း(ခ)မရှမ်းတို့၏သမီး
ဒေါက်တာစိုးစန္ဒာ M.B.,B.S(Ygn), I.D.C.S(NCC)
(သရုပ်ပြ၊ ဓါတုဗေဒဌာန၊ ဆေးတက္ကသိုလ်–၁၊ ရန်ကုန်)

တို့၏ ၁၄–၂–၂၀၀၄ ရက်တွင် Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အမှတ်(၂)စစ်ဒေသမှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူးဗိုလ်မှူးချုပ် မျိုးမြင့်နှင့် ဇနီး ဒေါက်တာဒေါ်သီသီအေးအားလည်းကောင်း၊ ၆–၂–၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော မန္တလေးတရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကြည်အားလည်းကောင်း၊ Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးသော မထက်အိမ်မို၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးသော မအိဖြူ၊ သတို့သားအရန်နှင့် သတို့သမီးအရန်များအဖြစ် ဆောင်ရွက်ပေးသော ကိုရဲထွန်းနှင့် ကိုကျော်သူ၊ မသဇင်မျိုးအောင်နှင့် မသီတာလင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော ဒေါ်တင်တင်မြနှင့် အေဝမ်း ဦးစိုးမြင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ပေးသော မမွန်ဖြူ (အင်းလျားလမ်း)၊ မိတ်ကပ်နှင့်ဆံပင် ပွင့်၊ မင်္ဂလာပန်းအလှပြင် ကိုလုလုနှင့်အဖွဲ့၊ ဗီဒီယိုရိုက်ကူးပေးသော အကိုင်းနှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံရိုက်ကူးပေးသော တက္ကသိုလ်ဦးစိန်ဝင်း၊ ၆–၂–၂၀၀၄ ရက်တွင် မန္တလေးမြို့ မင်္ဂလာနေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ၉–၂–၂၀၀၄ ရက်တွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သတို့သားအရန်နှင့် သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးသော ကိုကျော်စွာဝင်းနှင့် မမြမြဝင်း၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးသော မန္တလေး မြို့မတူရိယာအဖွဲ့၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော မိုးကုတ်ပေါက်ပေါက်၊ ဓာတ်ပုံ ဗီဒီယိုရိုက်ကူးပေးသော ကိုကျော်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဆောင်ရွက်ပေးသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မောင်ဦး–ဒေါက်တာစိုးစန္ဒာ။

ဆုထူးပန်စေတီတရားပွဲနှင့် ကျောင်းဆောင်သစ်အတွက် အလှူငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၁၅) နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိ စာသင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တ ပဏ္ဍိတနှင့် တပည့် သံဃာ၊ ဒါယကာ ဒါယိကာမများသည် မအူပင်မြို့နယ် တာပကျေးရွာအုပ်စု ဘုရားသုံးဆူကျေးရွာ မြတ်ဘုန်းရှိန် ဆုထူးပန် နောင်တော်ကြီး စေတီတော်၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်နှင့် မဏိရတနာ ဘုရားသုံးဆူကျောင်းတော်ကြီးအတွက် အုတ်မြစ်စီ မင်္ဂလာနှင့် အလှူငွေ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါ ကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မအူပင်မြို့နယ် မရမ်းကံ ကျောင်းဆရာတော် ဘဒ္ဒန္တဝရ အမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ် ၂၇ ပါး ကြွရောက်တော်မူကြပြီးကျောင်းဆောင်သစ်အတွက် အုတ်မြစ်စီပေးတော်မူကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအတွက် အလှူငွေ ၁၇ သိန်း လှူဒါန်းခဲ့ကြသည်။ ကျောင်းဆောင်သစ်အတွက် လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် ဖုန်း–၀၁–၅၄၅၉၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ နန်းရှေ့မင်္ဂလာဥယျာဉ်ရပ်၊ ရန်အောင်လမ်းနေ
ဦးကံရှိန်(အထွေထွေမန်နေဂျာSunrise Hotel) (မန်နေဂျာ၊ဟိုတယ်/ခရီး၊ငြိမ်း)–
ဒေါ်မြသီ (ကုန်သွယ်/အထွေထွေ၊ ငြိမ်း)တို့၏ တစ်ဦးတည်းသောသား
မောင်မျိုးဇော်ရှိန် (B.Sc, Physics)
Licensed Tour Guide (Japanese)
ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အိုးတန်းရပ်နေ
[ဦးခင်မောင်ဇော်(ခ)ဦးလျှိုချုန်ပန်း]–ဒေါ်အေးအေးမြင့်တို့၏ သမီးကြီး
မဝေဝေအောင် (ခ) Anli
(B.Sc,Maths)

တို့၏ ၁၂–၂–၂၀၀၄ရက်တွင် Oriental House (မန္တလေး)၌ ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် ထိမ်းမြားလက်ထပ်ပေးသော မန္တလေးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဇနီးဒေါ်ယဉ်ယဉ်ရွှေတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးချီးမြှင့်ခြင်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာဆွဲကြိုးဆင်မြန်းပေးသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသူများ အားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးဇော်ရှိန်–မဝေဝေအောင်(ခ)Anli ။

နှစ်(၃၀)မြောက် မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးခင်ဦး(ငယ်/ယာ–၂၈စက်မှု၊ မန္တလေး)နှင့် ချစ်သောမေမေ ဒေါ်ခင်ဝါသီတို့၏ ၁၅–၂–၂၀၀၄ ရက်နေ့တွင် ကျရောက်သော ပုလဲရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်စုံစွာဖြင့် ဘဝခရီးလမ်းကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

သမီးကြီး– အေးမွန်သူ B.Sc(Hons;)Maths,M.Sc (Part II)
Dip in Civil(A.G.T.I),Dip in English (M.U.F.L)
သမီးငယ်– သက်ဝါ Final Part I(M.B.,B.S)

အထက(၂)လမ်းမတော် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အထက(၂)လမ်းမတော်(ယခင်မြမာလာ)တွင် ပညာသင်ကြားပေးခဲ့သော ကျောင်းသားကျောင်းသူဟောင်းများက အထက(၂) လမ်းမတော်တွင်တာဝန်ထမ်းဆောင် ခဲ့ကြသော အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် လုပ်သက်ရင့် လက်ရှိ ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အထက(၂)လမ်းမတော် စုံညီခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဆရာမ ဒေါ်မြင့်မြင့်၊ ဆရာ ဦးကြည်အုန်း အထက(၂) လမ်းမတော် ဖုန်း–၂၂၂၂၅၇၊ ဦးတင်ဝင်းလှိုင် ဖုန်း–၅၈၀၈၂၉၊ ဆရာမ ဒေါ်စောအေးဝင်း ဖုန်း–၂၄၃၁၃၉၊ ဒေါ်သန်းသန်းညွန့် ဖုန်း–၂၂၈၁၀၄ နှင့် ဦးဇော်မြင့် ဖုန်း–၀၉–၅၀၀–၆၀၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၆–၂–၂၀၀၄
(တနင်္လာနေ့) နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Fields of Psychology and Method of Psychology (ပထမနှစ်စိတ်ပညာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း–၇)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း–၁၁)

ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲနှင့် ကန်တော်ကြီးဒေသဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်

တောင်ကြီး ဖေဖော်ဝါရီ ၁၁

စတုတ္ထအကြိမ် ပအိုဝ်းအမျိုးသားဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားဒေသပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလားကျေးရွာ ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တစ်လုံးမြို့ နောင်ကားကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပတ္တမြားနဂါးဘင်ခရာအဖွဲ့က ဦးဆောင်၍ ဘောလုံးအသင်းများ ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီး ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌအား ချီတက်အလေးပြုကြသည်။ ထို့နောက် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌဦးခွန်စံလွင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံမှ ပြိုင်ပွဲအတွက် ပံ့ပိုးပေးသော ပြိုင်ပွဲသုံးအားကစားပစ္စည်းကို လက်ထောက်ညွှန်ကြားရေးမှူးဦးလှမြင့်က ပေးအပ်ရာ ပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌဦးပီတာထွန်းနိုင်က လက်ခံရယူသည်။ **(အပေါ်ယာပုံ)**

ပွဲဦးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကြမည့် နောင်တရားဒေသ ဘောလုံးအသင်းနှင့် တောင်ကြီးဘောလုံးအသင်းတို့ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်က ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့နာယက ဦးနေဝင်းထွန်း(ပတ္တမြားနဂါး)က ဘောလုံးကွင်း အဆောက်အအုံဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၅ သိန်းနှင့် ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် နှစ်စဉ်ပံ့ပိုးငွေကျပ် ၁၀သိန်းတို့ကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

(က-ပ)

မီးဘေးကြိုတင် ကာကွယ်ရေးသရုပ်ပြ

ပျဉ်းမနား ဖေဖော်ဝါရီ ၈

ပျဉ်းမနားမြို့နယ်တွင် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးနှင့်အမှတ်(၂)ကုန်စိမ်းဈေး မီးဘေးကြိုတင်ကာကွယ်ရေး အတွက်သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့မဈေးကြီးတွင် ပြုလုပ်ရာ ပျဉ်းမနားမြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးမင်းဇော်၊ ဒုဦးစီးမှူး(ဈေး)နှင့်စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးတင့်လွင် ပါဝင်သော မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သရုပ်ပြလေ့ကျင့်ကြသည်။

(မြို့နယ်စည်ပင်)

ဖြူးမြို့နယ်ဇဟားကျေးရွာတွင် လက်နှိပ်ပန့်ရေတိုင်ကင်ဖွင့်

ဖြူး ဖေဖော်ဝါရီ ၁၃

(၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးလက်ရေရရှိရေး လက်နှိပ်ပန့်ရေတိုင်ကင်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၁ရက်က ဖြူးမြို့နယ် ဇဟားကျေးရွာတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးညွှန့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးကြည်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ဖြူးမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် သောက်သုံးရေခက်ခဲ၍ ရေရှားပါးသော ကျေးရွာရှစ်ရွာ၌ လက်နှိပ်ပန့်ရေတိုင်ကင်ရှစ်တွင်းကို ငွေကျပ် ၁၅၁၅၀၀၀ အကုန်အကျခံဆောင်ရွက်ပြီးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လှိုင်လင်ခရိုင်ပင်လုံမြို့ - မြို့သစ်တွင် စေတီခုံးတံတားဖွင့်ပွဲကျင်းပ

လှိုင်လင် ဖေဖော်ဝါရီ ၁၀

လှိုင်လင်ခရိုင် ပင်လုံမြို့ (၂) ရပ်ကွက်၊ မြို့သစ်တွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ပင်လုံရှင်ဗဒိုလ အမှူးပြုသော ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများတက်ရောက်ကြပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ဖွင့်လှစ်ကြသည်။

ရုပ်သိမ်း

ဖွင့်ပွဲတွင် စခန်းမှူးနှင့် ဒေသခံတိုင်းရင်းသားတစ်ဦးတို့က တံတား ဆောက်လုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ညောင်တုန်းမြို့လွှတ်လပ်ရေး ကျောက်တိုင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၄ခုနှစ် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ဖတ်ကြားစဉ်။ (၃၈၀)

အမြို့မြို့ အနယ်နယ် သတင်းများ

တည်ကုန်းကြီး-ကျောင်းကုန်း ကျေးလက်လမ်းဖောက်လုပ်မှု ရွှေတောင်မြို့နယ် အမှုဆောင်အရာရှိ ကြပ်မတ်ဆောင်ရွက်

ရွှေတောင် ဖေဖော်ဝါရီ ၁၀

ရွှေတောင်မြို့နယ် တောဟိုင် ကျေးရွာအုပ်စု ညောင်စာရေးလမ်းမှ တည်ကုန်းကြီး-ကျောင်းကုန်းကျေးလက် မြေသားလမ်းကို ဇန်နဝါရီ ၃၁ ရက်က အမှုဆောင်အရာရှိဦးသန်းဦးနှင့် အဖွဲ့က မြေသားလမ်းဖောက် လုပ်နေမှုကို ကြပ်မတ်ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းအား လက်ထောက် အင်ဂျင်နီယာဦးကျော်ကျော်ဝင်းက ဦးစီးဆောင်ရွက်သည်။ လမ်းပြီးမြောက်ပါက လေးဒေါင့်ကန်ရွာ၊ ကြို့ပင်ကြီးကုန်းရွာ၊ တည်ကုန်းလေးရွာ၊ ကရင်တည်ကုန်းရွာများ သွားလာရေး လွယ်ကူမြန်ဆန်ပြီး အခြားကျေးရွာများဖြစ်သည့် ကျောင်းကုန်းရွာ၊ မွဲတောရွာ၊ ပေါက်နွယ်ခြုံရွာ၊ ကြပ်ကြီး ကုန်းရွာနှင့် ရွာသာရွာများ လွယ်ကူစွာ သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပဲခူးအထက-၃တွင် ကျောင်းကျန်းမာရေးဆေးခန်းဖွင့်

ပဲခူး ဖေဖော်ဝါရီ ၈

ပဲခူးမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း (ယခင်အမျိုးသားတန်းမြင့်ကျောင်း)တွင် ကျောင်းကျန်းမာရေး ဆေးခန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဦးကြင်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မိဘဆရာအသင်းနာယကဦးထွန်းညွှန့်က အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး၊ အမျိုးသား ပညာမြင့်တင်ရေး ဖောင်ဒေးရှင်းနှင့် နေရှင်နယ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဥက္ကဋ္ဌ အမျိုးသားကျောင်း၊ ကျောင်းသားဟောင်း ဦးမြင့်စိန်တို့က ဆေးခန်းအဆောက်အအုံ ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားကြသည်။

ထို့နောက် အလှူရှင်ဦးမြင့်စိန်နှင့် ဇနီးသီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်လှကြည်၊တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာမောင်မောင်မြင့်၊လက်ထောက် တိုင်းပညာရေးမှူး (စီမံ)ဦးသိန်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဆေးခန်းအဆောက်အအုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းနှင့်ပစ္စည်းများကို အလှူရှင်မိသားစုက ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာလက်ထောက် တိုင်းပညာရေးမှူး(စီမံ)ဦးသိန်းလှိုင်က လက်ခံယူသည်။(အောက်ပုံ)

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂၈ရက်က ပြည်မြို့နယ် နတ်တလင်းပညာရေးအုပ်စု (၂) ကျောင်းမိသားစု (၂၅) ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ရက်က တဲစုကျေးရွာ အမကဌ် ကျင်းပရာ ဘာသာစုံပထမဆုရမောင်မျိုးကိုကိုအား လက်ထောက်မြို့နယ်ပညာရေးမှူးဦးမန်းကျော်လင်းက ဆုချီးမြှင့်စဉ်။ (၃၇၀)

မြေခင်းအလှ စုပေါင်းဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး အတွက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပစေရေးကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်က မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးရှေ့ ဆွမ်းပရာဘွမ်လမ်းပေါ်ရှိ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲယာတို့တွင် မြေခင်းအလှပြုပြင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို စုပေါင်းဆောင်ရွက်ကြရာ မြစ်ကြီးနားစည်ပင်အဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအေးဆွေ၊ တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင်ဦးနှင့် ဝန်ထမ်းများစုပေါင်း လုပ်ဆောင်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကချင်ပြည်နယ် မီးသတ်လုပ်ငန်းများစစ်ဆေး မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြည်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးဘိုးသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး ရှေးဦးစွာပြည်နယ်မီးသတ်ဦးစီးဌာန ရုံးခန်းမတွင် ဒုတိယဝန်ကြီးအား ပြည်နယ်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကြည်မြင့်က မီးသတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနား မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီး အရာရှိ ဦးလှဋ္ဌေးက ပြည်နယ်အတွင်း လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မူလတန်းကြို ပညာရေးနှင့်ပတ်သက်၍ မြစ်ကြီးနား မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဒေါ်ကြူကြူခိုင်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်၍ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့်တွေ့ဆုံ၍ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၅ ရက်က အမှတ် ၂၇(အပေါ်ထပ်) ၁၉လမ်း လသာမြို့နယ်နေ ဖခင်ကြီး(ဦးအေးဆွေ)အားရည်စူး၍ သမီး မငယ်ငယ်ဆွေ၊ သားမောင်လင်းဖြိုးဟိန်း တို့က ဖြူဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်နှစ်သိန်းလှူဒါန်းရာအုပ်ချုပ်ရေးမှူးက လက်ခံရယူစဉ်။ (က-ပ)

ဝါးခယ်မ မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)၏ (၅၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ်၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပရန် စီစဉ်ထားသည်။

အသက်(၇၅)နှစ်ပြည့်ပြီး အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ စီမံထူးချွန်ဆုနှင့် လူမှုထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုပွဲများ ကျင်းပမည်ဖြစ်သည်။

အသက်(၇၅)နှစ်နှင့်အထက် ကန်တော့ခံမည့် သက်ကြီးများနှင့် ၂၀၀၃ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသူကျောင်းသားစာရင်းကို ဖေဖော်ဝါရီ ၂၀ရက် နောက်ဆုံးထား၍ ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်း အမှတ်(၄)ဝိုင်း ရွှေသလ္လာ ပရိယတ္တိစာသင်တိုက်၏ သိန်း ၇၀၀ ကျော်တန် သုံးထပ်ကျောင်းဆောင် ရေစက်ချ အလှူမင်္ဂလာပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ဘဒ္ဒန္တ ဇာဂရာဘိဝံသ(တွံ့ဖက်အကျိုးတော်ဆောင်) ဆရာတော်ထံတွင် ရေစက် သွန်းချလှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတကာအဆင့်မီကဖီး အသိအမှတ်ပြုလက်မှတ်ပေးအပ်

ရန်ကုန်ဖေဖော်ဝါရီ ၁၅

မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်ကကြီးမှူးကျင်းပသည့် နိုင်ငံတကာ အဆင့်မီ ကဖီးအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် ည ၇နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ Mr.Guitar Cafe တွင်ကျင်းပရာ မြန်မာ ဘရူဝါရီကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေး၊ အထွေထွေမန်နေဂျာ Mr.David Teng နှင့် တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှတာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ Mr. David Teng ၊ ကော်မာရှယ်ဒါရိုက်တာ Mr.Victor Seahနှင့် Mr.Guitar Cafeပိုင်ရှင် ဒေါက်တာနေမျိုးဆေးတို့က အမှတ်တရလက်မှတ်ရေးထိုးကြသည်။ ယင်းနောက် မြန်မာဘရူဝါရီ ကုမ္ပဏီလီမိတက်မှ ရီဂျင်နယ်ဒါရိုက်တာ Mr. Chris Kidd က ဒေါက်တာနေမျိုးဆေးအား နိုင်ငံတကာ အဆင့်မီကဖီးအဖြစ် အသိအမှတ်ပြုလက်မှတ်ပေးအပ်သည်။

Mr.Guitar Cafe သည် ဆန်းသစ်သည့် အသွင်အပြင်၊ အစားအသောက်နှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မှုတို့ကြောင့် နိုင်ငံတကာအဆင့်မီဆိုင်အဖြစ် အသိအမှတ်ပြုလက်မှတ် ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တောင်ကြီးစက်မှုလက်မှုအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၁၉၆၈ - ၁၉၉၈ ခုနှစ်အတွင်း တောင်ကြီးမြို့စက်မှုလက်မှုအထကသို့ တက်ရောက်ခဲ့ကြသော ကျောင်းသားဟောင်းများက အသက် ၆၀ ပြည့်ပြီး အငြိမ်းစားယူခဲ့သော ဆရာကြီးဆရာမကြီးများကို ပထမအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂၁ ရက် (တနင်္ဂနွေနေ့)တွင် တောင်ကြီးမြို့ ကုန်းသာယာကျောင်းတိုက်တွင်ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဆရာဦးကျော်ချွန်း (အငြိမ်းစား) တောင်ကြီးဖုန်း ၀၈၁-၂၂၉၉၆၊ ဦးစိုးညွန့်(တောင်ကြီး) ဖုန်း ၀၈၁-၂၁၆၅၇၊ ဦးလှသိန်း(ရန်ကုန်) ဖုန်း ၀၁-၂၉၅၁၇၆၊ ၀၁-၅၉၀၀၄၄၊ ဦးရဲအောင်(ရန်ကုန်) ၀၃-၆၈၄၇၅၂၊ဦးညိုမင်းဒင် (ရန်ကုန်) ၀၁-၂၂၀၃၄၁၊ ၀၁-၂၁၂၀၀၇ နှင့် ဦးအေးဝင်း(မန္တလေး) ၀၂-၃၁၄၅၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ကြေညာချက်များစာအုပ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ(၂၀၀၃)ခုနှစ် စာအုပ်ကို တစ်အုပ်လျှင် ကျပ်ခုနစ်ရာနှုန်းဖြင့် ရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိထားသည်။

ယင်းစာအုပ်များကို ရှေ့နေချုပ်ရုံး ဥပဒေစာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အင်းဝစာအုပ်တိုက်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(ယာပုံ)** **(က-ပ)**

တာမွေမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အထက(၁)ပင်လုံခန်းမတွင် ကျင်းပရာ မြို့နယ်အဆင့် အင်္ဂမတန်းဘက်စုံထူးချွန်တတိယဆု၊ စာပေဘာသာစုံထူးချွန် တတိယဆု၊ အင်္ဂလိပ်စာထူးချွန် ဒုတိယဆုရ မသက်ထားဆွေအား မြို့နယ်ပညာရေးမှူး ဦးဝမ်းမောင်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာကျန်းမာရေးလမ်းညွှန် ၂၀၀၃-၂၀၀၄ ဖြန့်ချိ

ဖေဖော်ဝါရီ ၁၅

မြန်မာကျန်းမာရေးလမ်းညွှန် (Myanmar Health Care Directory) ၂၀၀၃-၂၀၀၄ကို စတုတ္ထအကြိမ်မြောက်အဖြစ် စာမူခွင့်ပြုချက်အမှတ်-၁၂၁၂/၂၀၀၃(၁၂)၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၂၂/၂၀၀၃(၁၂)တို့ဖြင့် EUREKA Co.,Ltd. က ဖြန့်ချိလိုက်သည်။ ယင်းစာအုပ်တွင် တိုင်းနှင့်ပြည်နယ် အသီးသီးရှိအစိုးရဆေးရုံ ဆေးခန်းများ၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများ၊ဆေးဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းကုမ္ပဏီများနှင့် တိုင်းရင်းဆေးဝါးကဏ္ဍများ၏ လိပ်စာများ၊ ဖုန်းနံပါတ်များကို အက္ခရာစဉ်ပုံစံစနစ်ဖြင့် စုစည်းဖော်ပြထားသည်။ စာအုပ်ကို EUREKA Co., Ltd. အမှတ် ၁၄၅ ၃၆လမ်း (အလယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၆၁၈၂၊ ၂၅၃၂၉၅ ရန်ကုန်နှင့် အခန်း(၈)ဒုတိယထပ် ဂရိတ်ဝေါပလာဇာ ၇၈ လမ်း ၃၀-၃၁ ကြား ဖုန်း-၀၉-၅၀၀၉၁၀၁၊ ၀၂-၄၄၃၅၉ မန္တလေးမြို့တို့တွင် မှာယူရရှိနိုင်ကြောင်းသိရသည်။**(အပေါ်ဝဲပုံ)(က-ပ)**

မြဝတီ၊ ဘားအံနှင့် မော်လမြိုင်မြို့များတွင် ကုန်စည်ပြပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ခွင့်ပြုလမ်းညွှန်ကူညီပံ့ပိုးမှုဖြင့် Alpha Group သည် "မြဝတီကုန်စည်ပြပွဲ-၂၀၀၄"ကို မြဝတီမြို့ ရွှေမြင်းဝန်ဘုရားဝင်းအတွင်းတွင် ၂၀၀၄ခုနှစ် မတ် ၁၉ရက်မှ မတ် ၂၃ရက်အထိ၊ "ဘားအံကုန်စည်ပြပွဲ-၂၀၀၄"ကို ဘားအံမြို့ ဇွဲကပင်ခန်းမတွင် မတ် ၂၆ရက်မှ မတ် ၃၀ရက်အထိ၊ "မော်လမြိုင်ကုန်စည်ပြပွဲ-၂၀၀၄"ကို မော်လမြိုင်မြို့ မြိုင်ရတနာလေးထပ်ဈေးတွင် ဧပြီ ၃ရက်မှ ဧပြီ ၇ ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖွင့်လှစ်ရောင်းချ

အဆိုပါ ကုန်စည်ပြပွဲတွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့်ယွန်းထည်ပစ္စည်းအမျိုးမျိုး၊ စိုက်ပျိုးမွေးမြူရေးသုံးဆေးနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ကလေးအာဟာရနို့မှုန့်အမျိုးမျိုး၊ ဖိနပ်အမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ တိုင်းရင်းဆေးဝါးနှင့်အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ ကော်ဖီမစ်အမျိုးမျိုး၊ စက်မှုလက်မှုလုပ်ငန်းသုံးစက်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ သတင်းနှင့် နည်းပညာဆိုင်ရာ ပြခန်းများ၊ သကြားလုံး၊ ခေါက်ဆွဲနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းများ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

ပြပွဲလာ ပြည်သူများအား အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို လက်တွေ့သရုပ်ပြ ကြော်ငြာခြင်းများ၊ အရောင်းမြှင့်တင်ရေးအစီအစဉ်များကို နေ့စဉ်အခမဲ့ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ အဆိုပါကုန်စည်ပြပွဲတွင် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

မိမိတို့၏ အရည်အသွေးစံချိန်မီထုတ်လုပ်ထားသော အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများကို ပြသရောင်းချလိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ အတတ်ပညာရှင်များအနေဖြင့် Alpha Group ဖုန်း-၀၁-၇၀၁၂၁၅သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်း သိရသည်။ **(က-ပ)**

ထားဝယ်အသင်း ဂုဏာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်က ချီးမြှင့်သော အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့တံဆိပ်တော်ရ လောင်းလုံမြို့နယ် ဒက္ခိဏာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒမာလာနှင့် ထားဝယ်မြို့ ဇေယျာလင်္ကာရကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောသလ္လ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရေဖြူမြို့နယ်ဇေနိအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုဝိပုလ၊ ကမ္မဋ္ဌာနစရိယ ဘွဲ့တံဆိပ်တော်ရ သရက်ချောင်းမြို့နယ် တပ်ရာကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအရိယဝံသနှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် မော်လမြိုင်သီလရှင် ကျောင်းတိုက်သီလရှင်ဆရာကြီး ဒေါ်ဉာဏောဘာသီတို့အား မတ် ၇ရက် မွန်းလွဲ ၁နာရီတွင် အလုံလမ်း ဇမ္ဗူရတနာပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဂုဏာပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုများကို ထားဝယ်အသင်း ဖုန်း-၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

၁၅-၂-၂၀၀၄ ရက်တွင် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် မေတ္တာဖြင့်ကူညီပေးကြသော နှစ်ဖက်သော မိဘ၊ ဆွေမျိုးများ၊ လူကြီးမင်းများနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ထက်မြက်အောင်-မမိုးမိုးအောင်။



ဖခင်အမည်မှန် မအူပင်မြို့ အထက (၁) စတုတ္ထတန်းမှ မသက်ထက်စိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်လေး ဖြစ်ပါသည်။

ဦးခင်မောင်လေး

ဦးအောင်သောင်း

(အငြိမ်းစား)
မုံရွာမြို့နယ်
သမဝါယမဦးစီးဌာန
အသက်(၆၁)နှစ်

မုံရွာမြို့ အေးသာယာရပ်ကွက် အမှတ်(၄) လမ်းနေ ဒေါ်အုန်းစိန်၏ ခင်ပွန်း ဦးအောင်သောင်း (အငြိမ်းစား) မုံရွာမြို့နယ် သမဝါယမဦးစီးဌာန စာရင်းစစ်အဖွဲ့ခေါင်းဆောင်၊ ရာပြည့်အဆင့်မြင့် ငွေစုငွေချေး သမဝါယမအသင်းလီမိတက် စာရင်းစစ်အဖွဲ့ဝင်၊ ရွှေဇီးကွက်အဆင့်မြင့် အထွေထွေစီးပွားရေး ဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်သည် ၁၂-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွား၍ ၁၄-၂-၂၀၀၄ရက်တွင် နေအိမ်မှ မုံရွာတောင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးပါကြောင်း။

ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

အလက (၃) မြိတ် မိဘဆရာအသင်း ဒု-ဥက္ကဋ္ဌ ဦးမြခင်သည် ၆-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာကြီးနှင့်ဆရာ ဆရာမများ
အလက(၃)မြိတ်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး

ဦးမြမောင်

ဒန်သတ္တုလုပ်ငန်းပိုင်ရှင်(အရှေ့ကြို့ကုန်း)

အသက်(၈၂)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ် ၂၀ (မြေညီထပ်) နေ ဒေါ်ခင်ခင်၏ ခင်ပွန်း၊ ဦးနိုင်အောင် (M.B.A,9th Batch)၊မနီလာနွယ်၊ မလှဲ့ရည်မြင့် (2nd M.B,Mdy) တို့၏ ဘကြီးဖခင်၊ ဦးမင်းဆွေ (PSI)-ဒေါ်စန္ဒာတင် (Unicef)၊ Dr. ဝင်းမိုး (Mega Products Ltd.)-Dr. ခင်မြတ်သူ (ILBC)၊ ဦးမိုးအောင် (စိန်ရွှေရတနာဆိုင်-မင်္ဂလာဒုံဈေး)၊ ဒေါ်ဥမ္မာအောင် (ကွန်ပျူတာ မဟာသိပ္ပံ)၊ Dr.စန္ဒာအောင် (သားဖွားနှင့်မီးယပ်အထူးကု - ဗန်းမော်ဆေးရုံ)၊ Dr.ဖြိုးအောင် (ခွဲစိတ်အထူးကု-ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ Dr.အောင်မင်းတို့၏ ဘကြီးသည် ၄-၂-၂၀၀၄ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ၅-၂-၂၀၀၄ ရက် နံနက် ၁၀:၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူ တူ၊တူမများ။

ဒေါ်မြခင်

(ဆိပ်ဖြူမြို့)
အသက်(၉၅)နှစ်

(ဦးစံမြင့်)၏ဇနီး၊ ဒေါ်ရင်မေ၏ အစ်မ၊ ဦးသန်းစိန်-(ဒေါ်မြသန်း)၊ ဦးတင်အောင်-ဒေါ်ခင်ခင်စု၊ ဦးခင်မောင်စန်း-ဒေါ်ဝင်းမြင့်၊ ဦးအောင်ကျော်စိုး-ဒေါ်ညိုညိုကြည်၊ ဦးမောင်မောင်အေး-ဒေါ်ချိုချိုရီ၊ ဦးမြင့်သန်း-ဒေါ်စန်းစန်းဌေးတို့၏မိခင်၊ ကိုဆန်နီ၊ ကိုနေဝင်းမောင်၊ သန်းသန်းအေး၊ ကိုစိုးထွန်းထွန်း၊ သန်းသန်းထွေး၊ ကိုစန်းအောင်၊ ဆွေဆွေအောင်၊ ခင်သွယ်သွယ်၊ ဒေါက်တာတင့်ထူးအောင်၊ ကိုဝင်းအောင်၊ ဥုးဇောတိပါလ (ဖားအောက်) (ခ)ဒေါက်တာညီညီအောင်၊ ဗိုလ်လောင်းကိုကိုအောင်၊ ယုယုမိုး၊ ကြာအင်ကြင်း၊ ဗိုလ်လောင်း ဝသုန်အေး၊ ကိုချိုဖြူအေး၊ ကိုညီညီမောင်တို့၏ အဘွားသည် ဆိပ်ဖြူမြို့၌ ၁-၂-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၃-၂-၂၀၀၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ချောက်မြို့၊ တောင်ရပ်စာရေးတန်း၊ အမှတ် န၈-၁၀၆ နေ
ဦးတင်ညို (စီနီယာမက်ကင်းနစ်) သယ်ပို့/စက်ပြင်ဌာန (M.O.G.E)-
ဒေါ်အေးအေးစန်း တို့၏သားကြီး

ဗိုလ်ကြီးဇော်ထက် B.Sc (D.S.A), D.C.Sc,
M.I.Sc Ph.D (Candidate)
နည်းပြ(ကွန်ပျူတာဌာန၊ စစ်တက္ကသိုလ်)

နှင့်

ရွှေတောင်မြို့၊ ဖိုးခေါင်ရှမ်းတန်းလမ်း၊ အမှတ် ၅၀ နေ
ဦးမြင့်အောင်(အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ၊ လမ်းအထူးအဖွဲ့(၃)
မင်းဘူး)-ဒေါ်အေးအေးမြင့် တို့၏သမီး

မဆွေဇင်ဝေ B.Sc (I.C)Q, D.C.Sc
Mysoft Technologies Co., Ltd.

တို့၏ ၁၂-၂-၂၀၀၄ ရက်က ရွှေတောင်မြို့တွင် ကျင်းပပြုလုပ်သည့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဇော်ထက်-မဆွေဇင်ဝေ။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ရပ်ကွက်၊ အောင်ရတနာ
(၂)လမ်း၊ အမှတ် ၁၄ နေ
(ဦးအောင်ဘွင့်)-ဒေါ်တင်တင်ရီ(ခ)ဒေါ်အေးမီ တို့၏မြေး၊
ဦးမောင်မောင်လင်း-ဒေါ်မြတ်မွန်တို့၏သားကြီး

မောင်သူရလင်း B.Sc (Maths:)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊
ဇင်ယော်လမ်း၊ အမှတ် ၁၀၇ နေ
ဗိုလ်ကြီးခင်သိန်း(ငြိမ်း)-ဒေါ်ချိုချိုငြိမ်းတို့၏ သမီးထွေး

မမင်းမင်းခင်သိန်း B.Sc (Phy;) (Hons)

တို့၏ ၁၁-၂-၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် ၁၄-၂-၂၀၀၄ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအား လိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရလင်း-မမင်းမင်းခင်သိန်း။



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် စက်မှုဇုန်များ၏ ဘတ်စကားများနှင့် ကုန်တင်ထရပ်ကားများ ထုတ်လုပ်မှုတွင် အသုံးပြုရမည့် အောက်ဖော်ပြပါ မော်တော်ယာဉ်စက်ပစ္စည်းအစိတ်အပိုင်းများ (Fully Reconditioned and Brand New)ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

အမှတ်စဉ်	စက်ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	**For Bus**	281 Sets
	- Engine with Transmission (NISSAN FE 6-185 HP/ FUSO 6D 15/HINO HO 7 C or HO 7 D (Compressor Fitted)	
	- Radiator, Front Axle,Rear Axle (Ratio 5.5:1), Servo Brake Complete Set, Propeller Shaft & Universal Joint, Power Steering Complete Set, Dash Board complete with Instrument Panel Set.	
	- Makers must be FUSO or HINO or NISSAN or ISUZU	
(ခ)	**For Trucks**	
	- ENGINE with Transmission (NISSAN PF 290/PF 380/ PE 6 TURBO INTERCOOLER/ RESONA)for	
	- 2 Axle 6 wheel, 4 x 2 Drive Engine with Transmission (NISSAN PF 290/PF 350/PE 6 TURBO INTERCOOLER/RESONA) for	322 Sets
	- 3 Axle-10 wheel, 6 x 2 Drive	440 Sets
	- 3 Axle-10 wheel, 6 x 4 Drive	50 Sets
	- 4 Axle-12 wheel, 8 x 2 Drive	60 Sets
	- Radiator, front Axle, Rear Axle (Ratio 5.5:1), Servo Brake Complete Set, Propeller Shaft & Universal Joint, Power Steering Complete Set, Dash Board Complete with Instruments Panel Set, For each type of truck.	
	- Follow Axle without crown set for 3 Axle-10 wheel, 6 x 2 Drive	
	- Makers must be FUSO orHINO or NISSAN or ISUZU.	

၂။ တင်ဒါများကို **၂၇-၂-၂၀၀၄ ရက်နေ့** မွန်းတည့်(၁၂:၀၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးသွင်းရပါမည်။

အတွင်းရေးမှူး
မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
အမှတ်(၁)စက်မှုဝန်ကြီးဌာန
အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ သိရှိလိုသည့်အချက်များရှိပါက မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရုံးအဖွဲ့ ဖုန်း-၅၆၆၀၆၃၊ ၅၆၆၂၆၉၊ ၅၆၂၆၂၉ တို့သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ



မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း(သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)–ဒေါ်ခင်သန်းဌေး တို့၏သားငယ်

မောင်ဖြိုးဝေဟိန်း(ခ)မောင်အောင်မြတ်ဝင်း

(2nd Year Geology)

နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့၊ (၉)ရပ်ကွက်၊ အမှတ် ၃၃၈ နေ ဦးမြင့်နိုင်–ဒေါ်ဝင်းဝင်းခိုင်တို့၏သမီးထွေး

မအေးအေးခိုင်သိန်း

(2nd Year Chemistry)

တို့သည် နှစ်ဖက်သောမိဘတို့၏ သဘောတူခွင့်ပြုချက်အရ ၁၅–၂–၂၀၀၅ရက် (တနင်္ဂနွေ)နေ့တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဖြိုးဝေဟိန်း–မအေးအေးခိုင်သိန်း။



ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှုအမှတ် ၁၅၇

ဦးချင်ထုံစိန်၊	**နှင့်**	ဦးသန်းဌွေး
အမှတ် ၉၁၊ မြောင်းကြီးလမ်း၊		အမှတ် ၂၂၃၊ ဘုရင့်နောင်လမ်း၊
ရေကျော် (၈)ရပ်ကွက်၊		ကျောက်ရေတွင်းရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့		မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
တရားနိုင်		**တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၃၈၉/၂၀၀၁ အမှုနှင့်စပ်လျဉ်း၍ တရားရုံးချုပ်၏ တရားမ ပထမအယူခံမှုအမှတ် ၁၉၄/၂၀၀၃ အမှုတွင် ၈–၇–၂၀၀၃ ရက်နေ့က ချမှတ်ထားသော ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၀၅ ခုနှစ် ဧပြီလ ၅ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း (၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ တိုက်အမှတ် ၂၂၃၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း တစ်ထပ်တိုက်နှင့် ယင်းတိုက်တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၄၁၄(အေ) (ကျောက်ရေတွင်းကွင်း)၊ မြေကွက်အမှတ် ၁၄–ခ ၏ အစိတ်အပိုင်း ၀ ဒသမ ၁၄ ဧက အထူးဂရန် မြေအပါအဝင် အကျိုးခံစားခွင့်များအားလုံး။

(ကြမ်းခင်းဈေးတန်ဖိုးမှာ ကျပ်သိန်း ၅၀ ဖြစ်ပါသည်)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကျန်ကြွင်းခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး

အမည်ပြောင်း

ဦးတင်မောင်ကြိုင်၏သမီး အင်းစိန်မြို့နယ် အလက (၁၂) အဌမတန်း(က)မှ မေသွဲ့နွယ် ၁၂/အစန(နိုင်) ၁၉၃၃၁၆အား ယနေ့မှစ၍ မမေသွဲ့ယဉ်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသွဲ့ယဉ်



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Sales Promoter (မ)

ဘွဲ့ရ(သို့မဟုတ်) ၁၀ တန်းအောင်ပြီး အသက် ၂၅ နှစ်အောက်ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆိုပြေပြစ်ရည်မွန်ရမည်။

(၂) Sales Man (ကျား)

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးသုံးနှစ်ရှိ၍ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။

(၃) Driver (ကျား)

(၁၀)တန်းအောင်ပြီး "င"လိုင်စင်ရှိရမည်။ အသက် ၃၅ နှစ်အောက်၊ ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်း အနည်းဆုံးငါးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တ အထူးကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၆)လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်၊ လိပ်စာ အပြည့်အစုံရေးသား၍ No. 520,7th F[1,]Excel Treasure Tower, Kabaraye Pagoda Rd, Yangon. သို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)နှင့် မြန်မာ့မီးရထား စီးပွားရေးဌာနတို့အတွက် အောက်ဖော်ပြပါပစ္စည်းခုနစ်မျိုးကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

1.	Electronic Total Station With Standard Accessories	1 Set
2.	Digital Duplicator(Copy Printer)	2 Units
3.	Video Visualizer	2 Units
4.	Multimedia LCD Projector	2 Units
5.	Plain Paper Copier	5 Units
6.	Typewriter Myanmar 24"	9 Units
7.	လေးလုံးတွဲဖိုင်ဘာခုံ	148Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၀–၂–၂၀၀၅(၁၂:၀၀)
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၂၀–၂–၂၀၀၅(၁၄:၀၀)

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၁၆–၂–၂၀၀၅ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၀၄၊၆၁၃

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဖေသန်း (တံတားမြို့)
အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ကျောက်တန်းမြို့နယ်၊တံတားမြို့အလယ်ပိုင်းနေ (ဦးဘထွန်း–ဒေါ်အုံး၊ ဒေါ်ကျော့ရင်)တို့၏သား၊ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဒေါ်ခင်စန်းရီ၊ ဦးတင်လှိုင်(သြောင်ပင်လေးလာဇာ)–ဒေါ်ခင်စန်းကြည်၊ ဦးဌေးမြင့်–ဒေါ်ခင်သိန်းမော်(အလက–၂၊သဃ်န်းကျွန်း)၊ ဒေါ်နုနုယဉ်(အမက၊ တံတားမြို့)တို့၏ဖခင်၊ မောင်အောင်မျိုးထွန်း(B.E , Mechanical)–မနှင်းနွယ်ဝင်း (B.Sc, Physics)၊ မယဉ်စုခိုင်(Final Part II)၊ မောင်စည်သူကျော် (B.E, Mechanical)၊ မောင်ထွန်းထွန်းလင်း (Final yr.-D.S.A)၊ မမြတ်သီရိနွေး (IV)တို့၏အဘိုးသည် ၁၄–၂–၂၀၀၄ရက် (စနေနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ တံတားမြို့သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေး(ခ)ကျောင်နန်ကျော် (မန္တလေးမြို့)
Sea Lion Electronics
အသက်(၇၂)နှစ်

မန္တလေးမြို့၊ အမှတ် ၇၂၊ ၈၄လမ်း၊ ၂၈–၂၉လမ်းကြားနေ(ဦးဘန်ကိန်း–ဒေါ်ရှုလှိုင်) တို့၏ဒုတိယသား၊ ဦးမောင်မောင်–ဒေါ်ဌေးဌေးမြင့် (ပြည်ကျော်ပလတ်စတစ်)တို့၏ညီ၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း–ဒေါ်ဝင်းယုသန်း (ဒေါ်ဝင်းအထည်ဆိုင်)၊ ဒေါ်လှလှအေး (Sea Lion Electronics)၊ ဗန်းမော်မြို့နေ (ဦးဝင်းလှိုင်)–ဒေါ်ခင်မေရီ(စိန်သဇင်စတိုး)၊ ဦးစိန်သောင်း–ဒေါ်ရောက်ကျူး (ခေတ္တ-U.S.A)၊ ဦးစိုးသိန်း–ဒေါ်သိန်းသိန်းအေး(စိန်သဇင်အထည်ဆိုင်) တို့၏အစ်ကို၊ မစန်းစန်းဝေ၊ မောင်ကျော်နိုင်ဦး၊ မောင်ကျော်နိုင်အောင်၊ မောင်မိုးကျော်သူ(ခေတ္တ-U.S.A)တို့၏ဖခင်၊ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂– ၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန် ဖူးကျင့်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မစုမြတ်ဝင်း
B.Sc(Botany)(Q), D.A, D.B.S(L.C.C.I, U.K)
Director(Climax Business Group Co.,Ltd.)
အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းတောင်ပိုင်း၊ အမှတ် ၄၀၃နေ ဦးရဲဝင်း–ဒေါ်မြရီ(စာရင်းစစ်၊ ငြိမ်း၊ အင်းစိန်စာရင်းစစ်ရုံး)တို့၏သမီးကြီး၊ မလှိုင်မေအေး(ဒုတိယနှစ်၊ ဂုဏ်ထူးတန်းရူပဗေဒ၊ မိတ္ထီလာတက္ကသိုလ်)၊ မအေးချမ်းမြ(တတိယနှစ်၊ ကွန်ပျူတာတက္ကသိုလ်၊ ရန်ကုန်)တို့၏အစ်မသည် ၁၅–၂–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ၃:၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက်(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးချစ်ရွှေ
အသက်(၅၉)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နေ(ဦးအောင်–ဒေါ်လှခင်)တို့၏သား၊ သီပေါမြို့နေ (ငွေငါးဆေးလိပ်ခုံပိုင်ရှင် ဦးအောင်သိန်း)–ဒေါ်သန်းရင်တို့၏ သားသမက်၊ အမှတ် ၁၀၃၊ သရက်တော ၅ လမ်း (အပေါ်)၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောတောင်ရပ်ကွက်နေ ဒေါ်ဖြူဖြူ၏ခင်ပွန်း၊ အမှတ်၁၈၊ ဥယျာဉ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်အနောက်ရပ်ကွက်နေ ဦးသန်းစိန်(ဘူမိဗေဒ၊ငြိမ်း)–ဒေါ်ခင်နှင်းရည် (သျှမ်းစတိုး)တို့၏အစ်ကို၊ မောင်အောင်ဇော်သန်း(Franco Shipping Company)–မဖြူပြာအောင်ကျော်(ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)၊ မနှင်းမင်းသန်း(ရှမ်းမလေးစတိုး)၊ မောင်နေမင်းသန်း– မသန္တာမြင့်ခိုင်၊ မခင်လပြည့်ဝင်း(မြန်မာ့လေကြောင်း)၊ [မောင်ဇော်မင်းသန်း(ခ)နေခြည်] တို့၏ ဖခင်ကြီး၊ မကြည်ဖြူအေးချမ်း၊ မောင်အာကာနေမင်းတို့၏အဘိုးသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့)မွန်းလွဲ ၁:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။) (အထက်ပါနေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ခွာပါ မည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Daw Ngo Za Cing
အသက်(၅၄)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ Voklak ကျေးရွာနေ (U Kham Hang-Daw Vum Khaw Cing) တို့၏သမီးထွေး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၅/၅၆၅) နေ တပ်ကြပ်ကြီး ဒေါင်ပုမ်း(ခ)ဦးမောင်ကို(အငြိမ်းစား)၏ဇနီး၊ U Nang Pheang -Daw Ngo Khan Huai၊ Daw Cingh Khan Dim-U Mang Khan Pum၊ Daw Cing Thian Man၊ တပ်ကြပ်ကြီး ဟန်ခန့်ကပ် (မြန်မာ့လက်ရွေးစင် ကရာတေးဒို)၊ Maung Pau Pian Thang တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား၊ (Daw Dim Zam)၊ Daw Huai Ngiak၊ Daw Dim Khaw Cing၊ (U Ngo Vum)၊ Daw Neam Za Cingတို့၏ ညီမ၊ ဗိုလ်မှူးငိုယတွန်–ဒေါ်ဟွဲကျိန်၊ ဦးဟန်ခိုဝင့်တို့၏ အစ်မသည် အထက်ပါနေအိမ်၌ ၁၅–၂–၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန် စီးယင်းနစ်ခြင်းအသင်းတော် အမှတ် ၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးပီတာဘသိန်း(ခ)ပီတာခန်း
(ကော့သောင်းမြို့)
မိုး/ဇလ(အငြိမ်းစား)
အသက်(၇၈)နှစ်

ကော့သောင်းမြို့၊ဗိုလ်ချုပ်လမ်း၊အမှတ် ၅၂နေ (ဒေါ်အေးမျှင်)၏ခင်ပွန်း၊ဦးကျော်ဝင်း(ရုပ်/သံ)–ဒေါ်စန်းစန်းတင့်၊ ဦးမြသောင်း(မိုး/ဇလ)–ဒေါ်ချိုချို၊ ဦးဇင်အေး–ဒေါ်ထားထားညွန့်(လဝက)၊ဦးစိုးစိုး–ဒေါ်စီစီ၊ဦးအောင်မင်း–ဒေါ်အေးဝင်း၊ ဦးချစ်ကိုကို–ဒေါ်အေးအေးသိန်း၊ဦးမင်းအောင်၊ဦးလှမျိုး–ဒေါ်ထွေးရီ၊ မနီလာသိန်း၊မအေးအေးဝင်းတို့၏ဖခင်၊ မြေး ၁၆ယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၃–၂–၂၀၀၄ရက် ညနေ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက်တွင် ကော့သောင်းမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစောလှအောင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)
အသက်(၆၇)နှစ်

စစ်တွေမြို့၊ အိုးတန်းကမ်းနားလမ်းနေ (ဦးမောင်ထွီး–ဒေါ်မစော)တို့၏ သား၊ ကျောင်းတက်လမ်းရပ်နေ (ဦးစံရွှေ–ဒေါ်ချိုချို)တို့၏သားသမက်၊ တရားသီစုရပ်နေ ဒေါ်နုမေ၏ခင်ပွန်း၊ မောင်လှမောင်သန်း(တပ်မတော်ရေ၊ငြိမ်း)၊ဦးသန်းအောင်၊ ဒေါ်မေမေအောင် (ကုန်သည်)၊ ဦးထွန်းထွန်းဦး (ဆိပ်ကမ်းအာဏာပိုင်)၊ ဒေါ်ညွန့်ညွန့်စိန်(ဆိပ်ကမ်းအာဏာပိုင်)၊ (မစောနုစိန်)တို့၏ဖခင်၊မောင်သိန်းထိုက်အောင်အဘိုးရှင်သည်၁၅–၂–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၃:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးတင်ရွှေ(ခ)မာမက်ရှရစ်
(တာမွေဈေး၊ ကုန်စုံဆိုင်)
အသက်(၆၇)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ ရွှေမေတ္တာလမ်း၊ တိုက်အမှတ်၃၁/၃၂၊အခန်း၀၀၂နေ (ဦးလုံးပု–ဒေါ်တင်)(သနပ်ပင်မြို့၊ပဲခူးတိုင်း) တို့၏သား၊ဒေါ်အုန်းမြင့်(ခ)အရှမ်းမ၏ခင်ပွန်း၊ မကြည်ကြည်မာ၊ မောင်နေလင်း၊ မတင်လှလှလင်း၊ (မောင်ဇော်လင်း)၊ မပွင့်မာ၊ မအိအိမာ၊ မောင်သက်ပိုင်လင်း၊ မဂျန်နဝါရီလင်းတို့၏ဖခင်သည် ၁၄–၂–၂၀၀၄ ရက် ည၁၂:၁၅နာရီတွင် အထက်ပါနေအိမ်၌ အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၅–၂–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ ကျောင်းဒါယိကာမကြီး
အွန်ချင်တီ(ခ)ဒေါ်ဆင် (မြိတ်မြို့)
အသက်(၉၀)

မြိတ်မြို့၊ တလိုင်းစုရပ်၊ အိမ်အမှတ်၂၁နေ (ဦးရွှေနီ)၏ဇနီး၊ (ဦးရောင်အင်–ဒေါ်ကြုတ်)၊(ဦးရွှေစူး)–ဒေါ်ပိန်၊ ဦးယူဟုတ်–(ဒေါ်ရှုယံ) တို့၏ညီမ၊ (ဦးမောင်မောင်–ဒေါ်စိန်ဟိုး)၊ ဦးဂေါ်ဟုတ်(ခေတ္တ–USA)–ဒေါ်ချင်ရှင်(ခေတ္တ–USA)၊ ဦးယုစိုက်–(ဒေါ်ရှုတင်)၊ ဦးချောက်ချက်–ဒေါ်ကြည်၊ ဦးဟင်ထိုင်–ဒေါ်ချိုင်ဟွန်း တို့၏အစ်မ၊ ကိုမျိုးအောင်–မစန်းအိ၊ ကိုစိုးလွင်–မချိုချိုဝင်း၊ ကိုကျော်စိုး–မလှကြူ၊ ကိုစိုးဝင်း–မစန်းစန်းဝေ၊ ကိုစိုးသိန်း–မချိုချိုမြင့်၊ မမြမြဝင်းတို့၏မိခင်၊ မြေး၁၆ယောက်တို့၏အဘွားသည် ၁၃–၂–၂၀၀၄ရက်(သောကြာနေ့) ညနေ၄နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက် မွန်းတည့်၁၂နာရီတွင် မြိတ်မြို့ သပြေပင်တရုတ်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန် ဒါယကာကြီး
ဦးကျော်ဝင်း (မြေပုံ) (ကုန်သည်)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၂၉လမ်း၊ အိမ်အမှတ် ၅၆/၅၈နေ ဒေါ်မဦးညို၏ခင်ပွန်း၊ (ဒေါ်ဦးယာဉ်သာ)–ဦးကျော်ဖြူ၊ ဒေါ်ငွေခိုင်၊ ဒေါ်ရွှေနုခိုင်–ဦးကျော်ဇောအောင်၊ ဒေါ်သိန်းနုခိုင်၊ ဦးသိန်းကျော်–ဒေါ်မေသန်းကြည်၊ ဦးသိန်းရွှေ–ဒေါ်ခင်နှင်းဝေ၊ ကိုသန်းအောင်–မနီနီထွန်း၊ မထွေးထွေးခိုင်–ဗိုလ်ကြီးဇော်ဝင်းတို့၏ဖခင်၊ မြေး ၁၅ ယောက်တို့၏အဘိုးရှင်သည် ၁၄–၂–၂၀၀၄ရက်(စနေနေ့)ညနေ၅:၅၀နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက်(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် အိမ်အမှတ် ၅၆/၅၈ နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ဖေ (မန္တလေး)
အသက် (၇၇)နှစ်

မန္တလေးမြို့(ဦးဘသိန်း–ဒေါ်ငယ်)တို့၏သား၊ရန်ကုန်မြို့နေ(ဒုတိယဗိုလ်မှူးကြီးအေးကို–ဒေါ်သန်းညွန့်)တို့၏အစ်ကို၊ မန္တလေးမြို့၊ ရတနာ့ဘုမ္မိအနောက်အကျော်စုရပ်နေ ဒေါ်ကြည်နု၏ခင်ပွန်း၊မလှိုင်လှိုင်ဦး၊ကိုညီညီ–မနီလာ၊ ကိုဇော်ဇော်–မအေးအေးသင်း၊ မစုစုကြည်၊ ကိုငြိမ်းချမ်း–မခင်မိုးမိုးကြိုင်၊ ကိုဝင်းမော်–မငြိမ်းသူတို့၏ဖခင်၊မထားအိခင်၊မောင်ကောင်းထက်စံ၊မောင်ကောင်းကျော်စံ၊ မောင်အာကာမင်းသန့်တို့၏အဘိုးသည်၁၃–၂–၂၀၀၄ရက်ညနေ ၆နာရီတွင် ရွှေဗဟိုအထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရမန္တလေးဆေးတက္ကသိုလ်ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအေး(ခ)ကျောင်နန်ကျော်
Sea Lion Electronics
(မန္တလေးမြို့)
အသက်(၇၂)နှစ်

မန္တလေးမြို့၊အမှတ် ၇၂၊ ၈၄ လမ်း၊ ၂၈–၂၉လမ်းကြားနေ(ဦးဘန်ကိန်း–ဒေါ်ရှုလှိုင်)တို့၏ဒုတိယသား၊ဒေါက်တာထွန်းလင်း–ဒေါ်ဌေးမူ၊ ဦးထွေးမြင့်–ဒေါ်အေးအေးမြင့် (ခေတ္တU.S.A) တို့၏ဦးလေး၊ ကိုအောင်အောင်– မဝင်းကေသီထိုက်၊ ဒေါက်တာကြည်စိုး–ဒေါက်တာဝင်းနန္ဒာသိုက်၊ မောင်မြတ်ကို၊ မောင်အေးမင်း၊ မခိုင်ဇင်ဝေ၊ ကိုနိုင်လင်း၊ ကိုဇော်လင်းအောင်၊ကိုအောင်ထွန်းလင်း၊ ကိုအောင်ရဲလင်း၊ မမေဇင်လင်း၊ မနန်းအိခိုင်စိုးတို့၏ဘကြီး၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်းသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂– ၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန် ဖူးကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကလျာခင်ဝင်း(ခ)
Lucky
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရေးဟောင်းသုတေသနလမ်း၊ အမှတ်၃၂(အို)နေ(ဦးခင်ဝင်း–ဒေါ်ခင်လှ) တို့၏သမီး၊ (ဦးသာဓုအောင်)–ဒေါ်တင်တင်မြင့် တို့၏ သမီးချွေးမ၊ ကပ္ပတိန် ဦးပွင့်သစ်၏ဇနီး၊ (ဦးခင်မောင်ဆွေ–ဒေါ်တင်တင်)၊ ဦးမျိုးမြင့်သွင်–ဒေါ်သိန်းသိန်း၊ ဦးခင်မောင်အေး–ဒေါ်ခင်အေးမြင့်တို့၏ညီမ၊ ဗိုလ်မှူးမင်းစံကြည်– ဒေါ်အေးမြသန္တာ၊မစံပယ်ဖြူ၊ မောင်ဇေယျာထွန်းတို့၏မိခင်၊မောင်အောင်ခန့်မင်း၏အဘွားသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့) နံနက် ၀၀:၃၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ရွှေ(ခ)ဝမ်ကင်ချွန်
Brother Co.,Ltd.
အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၀လမ်း၊ အမှတ်၂၆(ဒုတိယထပ်)နေ (ဝမ်ကင်မိန်–ဟိုရှုလွမ်)တို့၏သားထွေး၊ အမှတ်၈၂၊ ဇေယျာသီရိလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးချစ်မြင့်–ဒေါ်ညွန့်တို့၏ သားသမက်၊ ဒေါ်ခိုင်ခိုင်၏ ခင်ပွန်း၊ မောင်ခိုင်မြဲအောင်၏ဖခင်၊ ဒေါ်ခင်ဝင်း၊ ဦးမြင့်စိုးတို့၏မောင်/ညီသည် ၁၅–၂–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၈:၃၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍၁၇–၂–၂၀၀၄ ရက်(အင်္ဂါနေ့)နံနက်၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြမယ်
အသက် (၇၅)နှစ်

ရန်ကုန်တိုင်း၊သုံးခွမြို့နယ်၊ညောင်နီကျေးရွာနေ(ဦးဖိုးကြူး–ဒေါ်အေးတုတ်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မန္တလာလမ်း၊ အမှတ် ၈၃နေ (ဦးကျော်သန်း)၏ဇနီး၊ ဦးသိန်းမြင့်–(ဒေါ်တင်တင်)၊ ဦးအေးမြင့်–ဒေါ်ခင်မမြေး၊ဦး မြင့်အောင်–ဒေါ်တင်တင်ချို၊ ဦးအောင်မြင့်(လယ်ယာ/ထွက်ကုန်၊သုံးခွ)–ဒေါ်စိုးစိုးရွှေ၊ ဒေါ်စန်းစန်းအေး (အမက–၅၊ဒေါပုံ)၊ ဦးတိုးဝင်း–ဒေါ်အေးအေးခိုင် (စာရင်းစစ်ချုပ်ရုံး)၊ ဦးမျိုးသန့်၊ ဦးတင်အောင်–ဒေါ်ဌေးဌေးလှိုင်၊ ဦးမြင့်ထွေး–ဒေါ်သင်းသင်းအေး တို့၏မိခင်၊မြေး၁၃ယောက်တို့၏အဘွားသည်၁၄–၂–၂၀၀၄ရက်ညနေ ၃:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက်ညနေ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ ၂:၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်ဝင်းနိုင်
A.G.T.I(MP),Phee Int'l Ltd.
အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ ရန်ပြေလမ်း (၂၀)အရှေ့၊ အမှတ် ၃၇ နေ ဦးညို–ဒေါ်လှသောင်းတို့၏သားထွေး၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်၊ မြသီတာရပ်ကွက်နေ ဦးတင်ရွှေ–ဒေါ်သန်းသန်းအေးတို့၏ သားသမက်၊ ဦးအုန်းထွန်း–ဒေါ်ခင်ခင်ဝင်း၊ ကိုသိန်းဝင်း–မမိုးမိုးကျော်၊ ကိုမျိုးထွန်း–မတင်တင်မာတို့၏ညီမောင်၊ မကေသီမြင့်၏ခင်ပွန်း၊ မောင်ရဲလင်းထက်၊ မော်ဇော်ဇော်တို့၏ဖခင်သည် ၁၄–၂–၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ရက် (တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီ တွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မရီရီလွင်(ခ)မမီးငယ်
(မြိတ်)
အောင်နီလာရတနာစတိုး
အသက် (၃၁)နှစ်

မြိတ်မြို့၊မြင်မရပ်ကွက်နေ(ဦးသောင်းလွင်–ဒေါ်ထွန်းရွှေ)(အောင်နီလာရတနာစတိုး)တို့၏သမီး၊ ဦးမြင့်ဦး–ဒေါ်ခင်မာဝင်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဒုအရာခံဗိုလ် သန်းလှိုင်–ဒေါ်သီသီလွင်၊ ဦးသန်းကို–ဒေါက်တာစီစီခိုင်၊ ဦးသန်းထိုက်–ဒေါ်မြင့်မာစန်းတို့၏ညီမ၊ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊သီရိမင်္ဂလာလမ်း၊အမှတ် ၂၉နေဦးလှဝင်း–ဒေါ်တင်မြင့်တို့၏သမီးချွေးမ၊ ဗိုလ်ကြီးနိုင်ဝင်း(ငြိမ်း)၏ ဇနီးသည် ၁၅–၂–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင်အာရှတော်ဝင်ဆေးခန်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်တောင်လုံးပြန်ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်၂၉နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကိုကိုကြီး(နတ်တလင်း)
အထွေထွေမန်နေဂျာ(ငြိမ်း)
(စား/ထွေ၊ကုန်သွယ်ရေး၊
ကုန်သွယ်ရေးသင်တန်းကျောင်း၊
ကျောင်းအုပ်ကြီး၊ငြိမ်း)
အသက်(၈၅)နှစ်

နတ်တလင်းမြို့နေ(ဦးသိန်းမောင်–ဒေါ်သဲညွန့်) တို့သားကြီး၊ ရန်ကုန်မြို့၊ အမှတ် ၉၈၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နှင်းနှင်း၏ခင်ပွန်း၊ (ဦးကိုကိုလေး–ဒေါ်စောသန်း)၊(ဦးညွန့်ဝေ–ဒေါ်ကြည်ကြည်)၊ ဦးဘညွန့် (သံအမတ်ကြီး၊ငြိမ်း)–ဒေါ်ခင်အေးအေး၊ ဒေါ်အေးသန်း၊ (ဒေါ်စန်းစန်းမြင့်)၊ ဦးမောင်မောင်လှ–ဒေါ်မြမြတင်တို့၏အစ်ကိုကြီး၊ (ဦးတင်မောင်ဦး၊Harry)–ဒေါ်မြသီတာ၊ (ဦးသိန်းလှိုင်ဖြူ)–ဒေါ်သီသီ (Stella)၊ ဦးထိန်လင်းအောင် (နိုင်ငံခြားရေးရုံး)–ဒေါ်ရင်ရင် (Clara) တို့၏ဖခင်၊ကိုကျော်ဇေယျ၊ ကိုသူရိန်ဦး–မစန္ဒာလွင်၊ မယုဇန–ကိုတိုးတိုးဦး၊ ကိုထွန်းထွန်းခိုင်၊ မမိုးစန္ဒီ(Gustin Moulinel)–ကိုကျော်စိန်ထွန်း၊ ကိုမျိုးဝင်းအောင်၊ မစုစုအောင်၊ မောင်ရာဇာဦးတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့)နံနက်၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်မြသွင်(ခ)ဒေါ်မိ
အသက် (၇၃) နှစ်

မွန်ပြည်နယ် မုဒုံမြို့နယ်နေ(ဦးလော်–ဒေါ်အေးစိန်)တို့၏သမီး၊ ဦးစံသိန်း–(ဒေါ်တင်)၊ ဦးချစ်သိုင်း–ဒေါ်ရွှေသွင်တို့၏ညီမ၊ ဦးတင်ထွန်း–ဒေါ်တင်ညွန့်တို့၏အစ်မ၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (၂၅)ရပ်ကွက်၊ ထားဝယ်လမ်း၊အမှတ် ၈၇၅/ကနေ ဦးစိုးတင်၏ဇနီး၊ကိုမောင်ဦး–မကြည်ဝင်း၊ကိုသန်းစိုး– မဌေးဌေးဝင်း၊ကိုဒိန်ခွန်ဇော်–မအေးအေးမူ၊ မထားထားနွယ်၊ မဆွေဆွေသိန်း၊ မောင်မျိုးမြင့်အောင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဖွားဖြစ်သူသည် ၁၃–၂–၂၀၀၄ရက်(သောကြာနေ့) ည ၁၀:၁၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်လွင်လွင်သန်း
(အထက်တန်းသူနာပြု၊ငြိမ်း၊အိုး/အိမ်)
အသက်(၆၅)နှစ်

(ဦးပု–ဒေါ်ကြွေ)တို့၏သမီး၊ရန်ကုန်မြို့၊ အမှတ်၂၀၊ နှင်းပန်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေ ဦးမောင်မောင်တင်(တပ်မတော်၊ငြိမ်း)၏ဇနီး၊ ဒေါ်မြင့်မြင့်စန်း၊ ဦးညွန့် (တိုင်း ဝယ်/ရောင်း မန်နေဂျာ၊ကုန်သွယ်/လယ်ယာ၊ငြိမ်း)–ဒေါ်ခင်အေး(ကုန်သွယ်/လယ်ယာ၊ငြိမ်း)တို့၏ညီမ၊ ဦးအုန်းကြွယ်–ဒေါ်စိန်စိန်မြင့်(ဟိုတယ်/ခရီး)တို့၏ အစ်မ၊ ဦးတင်ဝင်းနိုင်၊ ဦးတင်ဝင်းလွင်၊ ဦးကိုကိုနိုင်–ဒေါ်တင်သန္တာလွင်တို့၏မိခင်၊ တူ၊တူမ၁၁ယောက်တို့၏ အဒေါ်၊ မြေးရှစ်ယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည်၁၅–၂–၂၀၀၄ရက်၀၀:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၂–၂၀၀၄ ရက် နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဇော်ဇော်ထွန်း
အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လကျာ်လမ်း၊ အမှတ် ၂၆နေ ဦးထွန်းငွေ–ဒေါ်ခင်ရွှေတို့၏သား၊ ဦးအေးထွန်း၊(ဒေါ်နွယ်နွယ်ထွန်း)၊ဦးဆန်းထွန်းအောင်၊ကိုသန်းထွန်း၊ကိုအောင်ထွန်း၊ မဝင်းဝင်းရွှေ၊မချိုချိုမာ၊ကိုကျော်ကျော်ထွန်း၊ကိုညီညီထွန်းတို့၏ညီ/မောင်၊ တူ၊တူမ ၁၀ ယောက်တို့၏ ဦးလေးသည် ၁၄–၂–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက်(တနင်္လာနေ့) ညနေ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်
ဦးထွန်းချိုကျောင်းဆရာတော်
ဘဒ္ဒန္တ မဟိန္တ (ဦးကုသလ)
သက်တော်(၇၀)၊ဝါတော်(၅၀)

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ဦးထွန်းချိုကျောင်းဆရာတော် ဘဒ္ဒန္တ မဟိန္တ(ဦးကုသလ)သည် ၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (၁၃–၂–၂၀၀၄)ရက် သောကြာနေ့ ညနေ ၆:၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၅ခုနှစ် တပို့တွဲလပြည့်ကျော်၁၂ရက်၊ (၁၇–၂–၂၀၀၄) ရက် အင်္ဂါနေ့ မွန်းလွဲ၂နာရီတွင် တောင်မြစ်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာ ဒါယိကာမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Ciin Za Nial
Full Gospel Assembly အသင်းတော်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း၊ အမှတ် ၆၄(ပထပ်)နေ (Pu Cin Do)၏ဇနီး၊ Pa Hang Za Suan-Nu Ciin Ngaih Man၊ Rev. Thang Suan Pau (ကျောင်းအုပ်ကြီး၊ Myanmar Theological College မန္တလေး)– Nu Don Ngaih Hau၊ Nu Ngai Do Niang-Pa Sian Khan Thang(Nahnuai ရွာ)၊(Lia Luai Ngaih Man)၊ Nu Ngai Suan Dim-(Pa Khup Khan Thang)၊(Pa On Khan Thang-Nu Vung Ngaih Nuam)၊ ဒုအရာခံဗိုလ် Cin Khen Thawn-Nu Nial Sian Cing၊ ဆရာ Gin Suan Mung (ရပ်စောက် သာသနာ)–ဆရာမ Niang Ngaih Zen (ထင်းကွင်း၊က/မဌာနခွဲ)၊ (Tg.Pau Suan Mang)တို့၏မိခင်၊ မြေး ၂၉ ယောက်နှင့် မြစ် ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃–၂–၂၀၀၄ရက် ညနေ ၄နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဝတ်ပြုသင်္ဂြိုဟ်ပါမည်။(ကားများ နေအိမ်နှင့် FGAအသင်းတော်မှ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်မင်း
နိုင်ငံ့ဂုဏ်ရည်(ဒုတိယဆင့်)
မော်ကွန်းဝင်(ဒုတိယဆင့်)
အသက်(၈၁)နှစ်

မန္တလေးတိုင်း၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာနေ မင်းတိုင်ပင်အမတ်(ဦးပို–ဒေါ်ကျော့) တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ ၁၆ လမ်း၊ အမှတ် ၁၀၆၇ နေ ဒေါ်ကြည်လှိုင်၏ခင်ပွန်း၊ ဒေါ်နီနီဦး၊ ဒေါ်နီနီထူး၊ ဦးတင်ရှိန်–ဒေါ်နီနီဝင်း၊ ဦးစိုးမင်း၊ ဦးအောင်သက်တင်–ဒေါ်နီနီမင်း၊ ဦးတင်ညွန့်–ဒေါ်ချိုချိုမင်း၊ ဦးအောင်ကျော်မင်း (မြို့တော်စည်ပင်၊ယာ/အုံ)–ဒေါ်မိုးစန္ဒာတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၄–၂–၂၀၀၄ရက်(စနေနေ့) ည၇:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် စံပြဆေးရုံအအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၀–၂–၂၀၀၄ရက်(သောကြာနေ့) နံနက် ၇နာရီ မှ၁၀ နာရီထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ခေတ္တရာအသင်း(ရန်ကုန်)
ဦးမြင့်သောင်း (၆၈)နှစ်

ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ ၇၅/၇၆ နေ ရာသက်ပန်(၃၆၈)ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ရာသက်ပန်(၂၆၂)ဦးမြင့်သောင်းသည် ၁၃–၂–၂၀၀၄ရက်တွင် ကွယ်လွန်ပြီး ၁၅–၂–၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဒေါ်ကြည်ကြည်ဝင်း(ဟင်္သာတ)
အသက်(၆၄)နှစ်

ဟင်္သာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်း၊ အမှတ်၂၂၉နေ (ဦးပါ)–ဒေါ်တင်အေးတို့၏သမီးကြီး၊ ဦးတင်လင်း–ဒေါ်သန်းမြင့်၊ ဦးအေးပို–ဒေါ်ခင်မေကြည်၊ (ဦးသန်းဌေး)–ဒေါ်ခင်မေသန်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၉(ဘီ)ရပ်ကွက်၊ အမှတ် ၆၁၃၊ သမာဓိ ၄ လမ်းနေ ဦးအောင်ဌေး၏ဇနီး၊ မခင်သန်းဦး၊ မခင်ပိုပို၊ ကိုသင်းခိုင်– မတင်ဝင်းကြည်၊ (မမိမိခိုင်)၊ ကိုသိန်းဦး– မဝေမာဌေး၊ မဇင်မာဌေး၊ မောင်စည်သူဌေး တို့၏မိခင်၊ မခိုင်ချစ်ဖူး၊ မခိုင်ဆုပန်ထွင့်၊ မောင်ထက်အောင်လှိုင်တို့၏အဘွားသည် ၁၄–၂–၂၀၀၄ရက်(စနေနေ့)နံနက်၈:၄၅ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါ၍ ၁၆–၂–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြသန်း
အသက်(၈၁)နှစ်

(ဦးနီ–ဒေါ်မမကြီး)တို့၏သမီး၊(ဦးဘိုးသောင်–ဒေါ်မေနု)တို့၏ သမီးချွေးမ၊ အငြိမ်းစား ရဲဝန်ထောက် (ဦးစိုးမြင့်)၏ဇနီး၊ ဦးမြင့်သန်း (မြန်မာ့မီးရထား၊ငြိမ်း)–ဒေါ်ကြည်ကြည်လှ၊ ဦးခင်စိုး–ဒေါ်မေမေခင်၊ မအေးမြင့်သန်း၊ ကိုကျော်ခင်(Uniteam)–မနီနီအောင်၊ ကိုစီမြင့်(Uniteam)တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် အမှတ် ၆၅၊ ကျောက်မြောင်းလမ်း၊ တာမွေမြို့နယ် နေအိမ်၌ ၁၂–၂–၂၀၀၄ရက် နံနက်တွင်ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈–၂–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်ခင်အုံးမြင့် (B.Sc,B.Ed)
စစ်တက္ကသိုလ်၊ဓာတုဗေဒဌာန၊
နည်းပြဆရာမကြီး(ငြိမ်း)
အထက(၄)ဗိုလ်တထောင်၊အထပြ(ငြိမ်း)
အသက်(၇၁)နှစ်

ရမည်းသင်းမြို့၊ ရွှေစည်းခုံရပ်ကွက် (ဆရာဝန်ဦးကိုကြီး–ဒေါ်လှကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် ၃၊ တိုက်အမှတ် ၂၉၁၊ အခန်းအမှတ် ၁၂နေ ဗိုလ်ကြီးအောင်သွင်(ငြိမ်း)၏ဇနီး၊ ဒေါ်မိမိသွင်(ဘဏ်ရငြိမ်း)–ဦးစိုးတင့်၊ ဒေါ်ခင်အေးသွင်–ဗိုလ်မှူးစိန်ဝင်း (မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်)၊ ဒေါ်စန္ဒာသွင်–ဦးဝင်းမြင့်အောင်၊ ဦးမင်းသူအောင်–ဒေါ်မိုးစန္ဒာအောင်၊ ဒေါက်တာစည်သူအောင်–ဒေါ်ဆွေဆွေမြင့်တို့၏မိခင်၊မြေးကိုးယောက်၊မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄–၂–၂၀၀၄ ရက် (စနေနေ့) နံနက်၆:၄၅နာရီတွင် ဆာကူရာဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၁၆–၂–၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pi Dar Nei Zing
Ngalti,Falam
အသက်(၅၄)နှစ်

Pu Mang Pum-Pi Tuan Kaiတို့၏ သမီး၊ သိက္ခာရဆရာတော် Hlawn Pum (EPCM,Ngalti)၏ဇနီး၊ Pi Pak Men Tial-Rev.Kam Thul ၊ Pu Hram Lian Ir-Pi Hai Sungတို့၏ အစ်မ၊ Pi Hniar Par- Pu Dar Pum ၊ Pi Mang Nei Sung-(Pu Lal ၊Tin Dum) တို့၏ ညီမ၊ Biak Lawm Thang (Asst. Postor, Immanuel EPC, Yangon & Lecturer, FEFST)-Kap Hlei Sung၊ Mang Zik Tawng၊ Hrang Than Cin၊ Van Thawng Hup၊ Benjamin Lal Than Pek၊ Hniar Sin Tial- Thawng Hlei Ceu ၊ Lal San Mawiတို့၏မိခင်၊ Cung Uk Lal ၊ Timothy Lal Hu Thang ၊ Thian Za Lawm Kim၊ Sui Mawi တို့၏အဘွားသည် ၁၂–၂–၂၀၀၄ရက် မွန်းလွဲ ၁:၁၂ နာရီ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၆–၂–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁:၃၀ နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊နံ့သာနီလမ်း၊အမှတ် (6/D) Immanuel Evangelical Presbyterian Church ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် သုသာန်သို့ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော ပြည်နယ်၊ တိုင်းအသီးသီးမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းမှ ထားဝယ်ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်များအား ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲသို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော *စာမျက်နှာ ၄ ကော်လံ ၁* ✻

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် ကိုယ်စားလှယ်များအား ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယနေ့ထုတ်ခေါင်ရေ - ၂၀၀၅၈၀

ရန်ကုန်မြို့တော်ကြီးကို အရှေ့တောင်အာရှနှင့် အာရှဥယျာဉ်မြို့တော်ကြီးများကဲ့သို့အဆင့်မြင့်တင်လျက်ရှိ မြို့တော်အင်္ဂါရပ်နှင့်အညီ ရန်ကုန်မြို့တော်ကြီးတစ်နေ့တခြားသာယာလှပပြီးအဆင့်အတန်းမြင့်မားလာ မြို့တော်နေပြည်သူများ လူနေမှုအဆင့်မြင့်မားရေး အိမ်ရာစီမံကိန်းများစနစ်တကျစီမံထား

ရန်ကုန် ဖေဖော်ဝါရီ ၁၅

မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ▼



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၁၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံအိမ်ရာ လုံးချင်းအိမ်များ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝဲပုံ) နှင့် ရွှေပင်လုံအိမ်ရာစီမံကိန်း အတွင်း၌ တည်ဆောက်မည့် ဆေးရုံပုံစံငယ်ကို တွေ့ရစဉ်။ (ယာပုံ) (သတင်းစဉ်)

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်

သတင်းဆောင်းပါး - စိန်ရွှေလှိုင်၊ ဓာတ်ပုံ - ကျန်းမာရေးဦးစီးဌာန

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အာရောဂျာ ပရမာလာဘာ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာခြင်း၏ အကျိုးကျေးဇူးများကို မကျန်းမာသောအခါမှ ပို၍သိရသည်ဟုအဆိုရှိသည်။ ကျန်းမာမှသာစိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒပြည့်နိုင်သည်။ သွားလာလှုပ်ရှား အလုပ်များလုပ်ကိုင်နိုင်ရန်က စိတ်ကျန်းမာပြီး ကိုယ်ကျန်းမာရန်လိုသည်။ တိုင်းရင်းသားပြည်သူများ ကိုယ်ကျန်းမာပြီးစိတ်ချမ်းသာရန် နိုင်ငံတော်က *စာမျက်နှာ ၁၃ ကော်လံ ၁* ●

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



အဆီမိုလူသားစက်ရုပ်

ဖေဖော်ဝါရီ ၁၄ ရက်က ကယ်လီဖိုးနီးယားပြည်နယ် လော့အိန်ဂျလိစ်မြို့ရှိ ကယ်လီဖိုးနီးယားသိပ္ပံဌာန၌ ဟွန်ဒါကုမ္ပဏီက ထုတ်လုပ်သော လူသားပုံသဏ္ဌာန်စက်ရုပ် အဆီမိုကိုတွေ့ရစဉ်။ အဆိုပါ အဆီမိုစက်ရုပ်သည် အမြင့် လေးပေ ရှိပြီး ရှေ့နှင့်နောက် သွားလာနိုင်သည်။ **(ဝဲပုံ)**

(ရိုက်တာ)

အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်

ခုခံအားကျဆင်းမှုရောဂါ (အေအိုင်ဒီအက်စ်)ဖြစ်သော အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး၏ပုံသဏ္ဌာန်ကို ဤသို့တွေ့ရသည်။ **(အပေါ်ပုံ)**

(အေအက်ဖ်ပီ)